# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၇၄)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်း ကောင်းပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့် ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်မည်





နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် လာအိုနိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်းနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံအမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲကိုလည်း လက်ခံ တွေ့ဆုံသွားမည်ဖြစ်သည်။

ထို့အပြင် လာအိုနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာ ဖူးမြော်သွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည် ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

မြဝတီ

## နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကျင်းပ



နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော် သမ္မတရုံး ဘက်စုံသုံးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဒုတိယ ဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံခရီးစဉ်များ အတွင်း ဆောင်ရွက်ချက်များ၊ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ်ဆင်မှုပြပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေပွဲတိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုအထိမ်းအမှတ်ဝတ်ဆင်မှု ပြပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေပွဲကို နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)ကျောက်စိမ်း ခန်းမ၌ ဇူလိုင်လ ၁ ရက် မွန်းလွဲ ၁ နာရီတွင်ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများအား MRTV Entertainment Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရုပ်မြင်သံကြားမှလည်း အပတ်စဉ်သောကြာ နေ့ ညတိုင်းဖျော်ဖြေတင်ဆက်လျက်ရှိသည့် Friday Night Live Show အစီအစဉ်အား ဇူလိုင်လ ၃ ရက်တွင်ရောက်ရှိမည့် မြန်မာ အမျိုးသမီးများနေ့ဂုဏ်ပြုအစီအစဉ်အဖြစ် “ယဉ်တစ်ကိုယ်မယ်” တေးဂီတဖျော်ဖြေပွဲကို နာမည်ကျော်အဆိုတော်များအပါအဝင် တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရ သည်။

မြဝတီ

**မိုးကြီးမည့်သတိပေးချက်**

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၃၀

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံ လေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေထု မငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ၃-၇-၂၀၂၆ ရက်မှ ၁၀-၇-၂၀၂၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

စာမျက်နှာ ၁၅ ကော်လံ ၃ ◆

**ဆောင်းပါး**

- ရွှေဂုံ-ရွှေမြိုင်ပေါင်းကူးဖို့...မြစ်သံလွင်ကို ဖြတ်ကျော်လို့...DEMU စီးကြစို့ စာ - ၁၁ သို့
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၁) စာ - ၁၂ သို့

## လေဖိအားနည်း ရုပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၃၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဇူလိုင်လ ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁ ရက်)

## နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းများ

နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာသည် ထိုနိုင်ငံ၏အသက်သွေးကြောဖြစ်သည်။ အသက်သွေးကြောကွယ်ပျောက်ပါက လူသည်သက်မဲ့ဖြစ်သွားနိုင်သကဲ့သို့ နိုင်ငံ၏အချုပ်အခြာအာဏာကွယ်ပျောက်ပါကသက်မဲ့နှင့်မခြားဖြစ်သွားနိုင်သည်။ ထို့ကြောင့် နိုင်ငံတိုင်းက မိမိနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ ခေတ်မီတိုးတက်လာသည့်ကမ္ဘာကြီးတွင် နိုင်ငံတိုင်းက မိမိနိုင်ငံကိုလုံလောက်စွာကာကွယ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုမျိုးစုံပြုလုပ်ဆောင်ရွက်လျက်ရှိကြရာ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံတော်ကိုပြည့်ပြည့်ဝဝစောင့်ရှောက်ကာကွယ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါဆောင်ရွက်ချက်ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွန်းလာပြီး အရွယ်ရောက်သူမှန်သမျှ ပြည်သူ့စစ်မှုထမ်းတာဝန်ကိုထမ်းဆောင်လျက်ရှိကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။"ဟု လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းရန်တာဝန်ရှိသည်။" ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီလူငယ်လူရွယ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြရာ ယခုအခါပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်း၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကိုဇွန်လ ၂၉ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် လူငယ်လူရွယ်များကို တန်ဖိုးရှိသောလူသားများဖြစ်စေရန် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်စေခြင်းဖြစ်သည်။ သင်တန်းကာလတွင် ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်သင်ကြားလေ့ကျင့်ပေးခဲ့သည်။ တပ်မတော်တွင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မည့်သူများသည် စစ်စည်းကမ်းကို တိကျစွာလိုက်နာနိုင်သူများဖြစ်ကြရမည်။ ထို့ကြောင့် စစ်သည်တော်ကျင့်ဝတ်(၆၀)ကို တတ်သိနားလည်ထားကြရသည်။

ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ကြသောလူငယ်များသည် အမှန်တကယ်ပင်တန်ဖိုးရှိသောလူသားများဖြစ်သွားကြသည်။ ဤသို့ဖြစ်စေရန်အတွက် စည်းစနစ်ကျနစွာ လေ့ကျင့်ရေးကျောင်းများက သင်ကြားပေးကြသည်။ ၎င်းတို့သည်အမိန့်နာခံတတ်မှု၊ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်မှုတို့ဖြင့် စစ်ပညာများကိုတတ်မြောက်သွားကြသည်။ တပ်မတော်တွင် အထက်အောက်ရိုသေလေးစားမှုသည်ပဓာနဖြစ်သည်။ ကြီးသူကိုရိုသေ၊ ငယ်သူကိုသနား၊ ရွယ်တူကိုလေးစား ဟူသောဆိုးမစကားနှင့်လည်းညီညွတ်သည်။ လူတစ်ဦးချင်း၏တန်ဖိုးအစစ်အမှန်သည်စည်းကမ်းဖြစ်သည်။ စည်းကမ်းရှိသူသည် တိုးတက်မည့်သူဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရခြင်းမှာ အလွန်မွန်မြတ်သည့်တာဝန်ကိုထမ်းဆောင်ရခြင်းဖြစ်သည်။ လက်ဆင့်ကမ်းအမွေဆိုသည်မှာ လူကြီးများကလူငယ်များသို့လက်ဆင့်ကမ်းပေးခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် အမွေကိုဆက်လက်ထိန်းသိမ်းကာ ပိုမိုတိုးတက်အောင်ကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံတော်သီချင်းတွင်ပါရှိသည့် **"ပြည်ထောင်စုအမွေ-အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ"** ဆိုသည့်အတိုင်း ထိန်းသိမ်းကာအစဉ်အဆက်လက်ဆင့်ကမ်းပေးကြရမည်ဖြစ်သည်။ ဂုဏ်ယူဖွယ်၊ တန်ဖိုးထားဖွယ်ကောင်းလှသည့်ပြည်သူ့စစ်မှုထမ်းတာဝန်၊ တစ်နည်းဆိုရလျှင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သူများကို ပြည်သူတို့ကချစ်ကြည်ဖြူလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ပြီးမြောက်သူများ၊ တက်ရောက်နေဆဲရှိသူများ၊ တက်ရောက်ရန်စာရင်းပေးသွင်းထားသူများအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်၏အလေးထားမှုကို ကောင်းစွာသိမြင်ကြပြီးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတစ်ဦးအဖြစ်သင်တန်းသို့စတင်ရောက်ရှိသည့်အချိန်မှစ၍ သင်တန်းပြီးဆုံးသည်အထိ လိုအပ်ချက်မရှိအောင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခြင်း၊ငွေကြေးမှအစအသုံးအဆောင်ပစ္စည်းများဖြည့်ဆည်းပေးခြင်းစသည်ဖြင့်လိုအပ်ချက်မရှိအောင်စီမံပေးကြသည်။ သတ်မှတ်ထားသည့်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသည့်အခါတွင်လည်း ၎င်းတို့၏ဘဝနောင်ရေးချောမွေ့စေရန်စီမံပေးထားသည်။

စစ်မှုထမ်းဆောင်နေစဉ်ကာလတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေ အခန်း(၄)ပါ ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များအတိုင်း အပြည့်အဝခံစားခွင့်ပေးထားသည်။ ပြည်သူ့စစ်မှုထမ်းကာလပြီးမြောက်သည့်အခါ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုအခမ်းအနားများဖြင့် ပေးအပ်ခဲ့သလို မိဘပြည်သူများကလည်း ဝမ်းသာအားရကြိုဆိုကြသည်။ ဤသည်မှာ နိုင်ငံ့တာဝန်ကိုစဉ်ဆက်မပြတ်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့သားကောင်းရတနာပြည်သူ့စစ်မှုထမ်းများကို အလေးထားဂုဏ်ပြုကြိုဆိုမှုပင်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ **ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ –၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–**

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလရွှေ့ဆိုင်းခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှသတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မိုင်းရှူးမြို့၌ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

မိုင်းရှူး ဇွန် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဖာယကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ၊ ဆရာမများက အသီးသီးလက်ခံရယူသည်။

ထို့နောက် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျွန်းပင်၊ မန်ကျည်းရှားပင်၊ စိန်ပန်းနီပင်၊ မဲဇလီပင်၊ ခါတော်မီပင် စုစုပေါင်း ပျိုးပင် ၁၅၀၀ ကို စိုက်ပျိုးကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၁၄)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁-၇-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇွန် ၃၀

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၇)ရှိ လျှိုပိတ်ဆည်အမှတ်(၉) ၌ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ တာဝန်ရှိသူများနှင့်အတူ ဦးစီးဌာန/စက်မှုလုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်၊ ပျဉ်းမ၊ မန်ကျန်ရှား၊ မန်ကျည်း၊ တမာ၊ ကုက္ကို၊ အုန်းပွား၊ ဖျောက်ဆိပ်၊ မဲဇလီ၊ ဗာဒံ၊ တည်၊ သရက်၊ ငှက်ပျော၊ ဒန့်သလွန်၊ ပိန္နဲ၊ စိန်ပန်း၊ ခရေ၊ သပြေ၊ ငုဝါ၊ ကံ့ကော်၊ သပြေဘူတ၊ ပေါက်ပန်းဖြူ၊ ချယ်ရီပင် စသည့်အပင် အမျိုးအစား ၃၅ မျိုး စုစုပေါင်း ၆၇၅၁ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြဝတီ

# အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ရုံးအကြီးအကဲ Mr.Daihei Mochizuki ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ရုံးအကြီးအကဲဖြစ်သူ Mr.Daihei Mochizuki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ယာယီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်အလုပ်သမားဝန်ကြီးဌာနနှင့် International Organization for Migration (IOM) တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များ၊ IOM ဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီးသွားလာခွင့်အတွက် ဆောင်ရွက်ပေးမှုများ၊ ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Workers Resource Center–MRC) များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်စေလိုသည့်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် IOM ရုံးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ကိုဂုဏ်ပြုသောအားဖြင့် အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်မြားပစ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိမြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွဲဖက်အတွင်းရေးမှူး (၁)၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး)Recurve နှင့် Compound Ranking Round ပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက (အမျိုးသား/အမျိုးသမီး) အတိုးတက်ဆုံး အားကစားသမားဆုရရှိကြသူများ၊ ၁၅ မီတာ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ၃၀ မီတာ Compound တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ၃၀ မီတာ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# သံတောင်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်ပြားဆောင်ရွက်ပေး

သံတောင်ကြီး ဇွန် ၃၀

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သံတောင်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပြား ဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက သံတောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် သံတောင်ကြီးခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးရဲထွန်းမြင့်၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများက လိုအပ်သောအချက်အလက်များ စိစစ်ကောက်ယူ၍နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပြားများ ထုတ်ပေးခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မင်းက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသူ၊ ကျောင်းသား ၇၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ (၄၀၆)


# မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုမှကာကွယ်ရန် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇွန် ၃၀

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက် ဆုတောင်းပြည့်စေတီတော်ဆိပ်ကမ်းမှ စီတာပူရပ်ကွက် အင်ဂျန်းခချောင်းအထိ အရှည်ပေ ၅၀၀ ရှိ ကျောက်စီမြေထိန်းတမံနှင့် ကမ်းနားလမ်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှ စတင်၍တည်ဆောက်ခဲ့သည့် ၈ ပေ၊ ၁၂ ပေ တံခါး ၃ ခုပါ အင်ဂျန်းခ ရေထိန်းတံခါးတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ လယ်ကုန်း-ကြက်ပေါင်ခြံ ရပ်ကွက်အတွင်း ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက် ၈၀၀ စင်တီမီတာခန့်တွင် ရေဝင်ရောက်လေ့ရှိသဖြင့် လယ်ကုန်း-ဇီးလွန်ရေဝင်ပေါက်အား ယာယီပိတ်ဆို့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စိုးရိမ်ရေအမှတ် ၁၂၀၀ စင်တီမီတာအထက် ၁၃၀၀ စင်တီမီတာအထိ ကာကွယ်နိုင်ရေး မြစ်ကမ်းတစ်လျှောက် အလျားပေ ၁၃၇၈၀ ကို Geotube တာဖို့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေကြည်ချောင်း ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

ဤမျှဖြင့် အမှီ ကျွန်ုပ်၏အပေါ်၌ စိတ်ထားမရိုင်းကြောင်းကို သိသာပေပြီ။ အကယ်၍သာ ကျွန်ုပ်ကိုမလိုလားပါက အဝေး၌နေရန်သာပြောမည်ဖြစ်၏။ ယခုမူကား အမှီမှာ ဖခင်နှင့်အစ်ကိုတို့ အနိစ္စရောက်ပြီးနောက် တစ်လမျှသာရှိသေးသဖြင့် ဘာမျှအတည်တကျ မဆုံးဖြတ်ဝံ့သလိုသာ စိတ်တွေ၍နေရခြင်းဖြစ်ရာ ကျွန်ုပ်လည်း အားတက်သမျှတက်မိလျက်...

"အေးလေ ... အစ်ကိုကံကောင်း ရန်ကုန်ကအလုပ်ကို အခုလုပ်နေတဲ့ မန်နေဂျာနဲ့ လက်ထောက်တစ်ယောက်ထပ်တိုးပြီး သုံးလလောက်လွှဲထားကြည့်မယ်၊ ဟန်ကျရင်လည်းကျပေ့ါဟုတ်လား ... မကျရင်လည်း တဖြည်းဖြည်းဖြုတ်ပြီး ဒီကအလုပ်ကိုပဲပြန်လုပ်မယ်၊ မဖြုတ်ခင်တော့ သွားချည်လာလှည့်နေရမှာပဲ၊ ဘယ်နှယ့်လဲ" ဟု စကားတစ်ဆင့်တက်၍ အကြံပေးသလိုလိုနှင့် (အစ်ကိုကံကောင်း ဒီမှာပြန်နေစေချင်သလား) ဟူသောအဓိပ္ပာယ်ကို ဖော်ကာမေးလိုက်၏။ အမှီလည်း ကျွန်ုပ်အား တစ်ချက်မျှကြည့်ရှာပြီးမှ "အစ်ကိုကံကောင်း သင့်သလိုသာစီမံပါလေ ... အမှီကတော့ မိန်းမသားဆိုတော့ ဘာမျှအထူးမပြောတတ်ပါဘူး၊ အစ်ကိုကံကောင်းပြောတဲ့ သုံးလကုန်တော့မှ တိုင်ပင်ကြသေးတာပေ့ါ။ ဟော ကိုယ်တော်တွေရပ်နေပြန်ပြီ" ဟု ပြောပြောဆိုဆို ဆွမ်းဇလုံကို ပိုက်၍ ဆွမ်းလောင်းရန်ဆင်းသွား၏။ ကျွန်ုပ်ကား သန်းထီပေါက်ပေပြီ၊ နောက်သုံးလကြာလျှင် အမှီသည် ယခုထက်ပို၍ သွားလေသူတို့အတွက် စိတ်အေးမည်။ ထိုအခါကျမှ လေချိုနှင့်နူးကာ မြူးရမည့်နှစ်ပါးသွားစခန်းကို ဖွင့်ရပေတော့မည်။ အနှစ်နှစ်ဆယ်ကျော်သည်းခံ၍ စောင့်ခဲ့ပြီးရာတွင် သုံးလစောင့်ရသည်မှာ ကျွန်ုပ်၌ အသို့လျှင် တာဝန်လေးပါအံ့နည်း ...

သို့သော် ကျွန်ုပ်မှာ သုံးလဝေးစွ တစ်ရက်မျှပင်စောင့်ခွင့်မရတော့ပေ။ အဘယ်ကြောင့်ဆိုသော် အမှီ ဆွမ်းလောင်းပြီး၍ ပြန်တက်အလာတွင် သူ့နောက်မှ မြို့ရှိတိုက်ပိုင်အင်စပက်တော်မင်း ပါ၍လာ၏။ ရန်ကုန်၌ နေစဉ်က အာဏာပိုင်သူများကို လက်ပွန်းတတီး ဖော်လံဖားကာ ပေါင်းခဲ့သော ကျွန်ုပ်သည် အင်စပက်တော်မင်းအား "ကြွပါ ... ကြွပါ ..." ဟု လောကွတ်ပျူငှာဆီး၍ကြိုလိုက်၏။ အင်စပက်တော်မင်းလည်း ကျွန်ုပ်နှင့်ဝင်၍ထိုင်ရာက "ဦးကံကောင်း အားလပ်ရင် ကျွန်တော့်အိမ်ကို ခေတ္တကြွပါလားခင်ဗျာ၊ ရန်ကုန်က ဧည့်သည်တစ်ယောက်က တွေ့ချင်တယ်ဆိုလို့ ကျွန်တော်လာခဲ့ရပါတယ် ..." ဟု သာယာညင်းပျောင်းပြော၏။ ကျွန်ုပ်ကား ဤအင်စပက်တော်သည် ကျွန်ုပ်တို့ထံ၌ မင်းကတော်၏ လက်ကောက်များကို လာ၍ပေါင်နှံထားရသူဖြစ်သည့်တိုင် သူ့အာဏာကို ကျွန်ုပ်၏အကျိုးအတွက် လက်ကိုင်တုတ်လုပ်သောအခါတွင် လုပ်ရသောကြောင့် "ဟုတ်လား၊ ဒီအိမ်ကိုပဲခေါ်ခဲ့ရောပေ့ါခင်ဗျာ၊ အိမ်ကိုပါ ရောက်ဖူးသွားအောင် ဘယ်သူများပါလိမ့် ..." ဟုဆိုလိုက်ရ၏။ ထိုအခါ အင်စပက်တော်မင်းကပြုံး၍ "ဟိုရောက်တော့ တွေ့ပါလိမ့်မည်ဗျာ ...၊ ကိုင်း ... သွားကြရအောင်" ဟုပြောသဖြင့် ကျွန်ုပ်လည်း အင်စပက်တော်မင်းနှင့် စကားတပြောပြောလိုက်ခဲ့ပြီးလျှင် ရန်ကုန်က ဧည့်သည်ကိုတွေ့ရန် ဇောသန်နေမိ၏။

ရန်ကုန်မှလာသောဧည့်သည်ကလည်း ကျွန်ုပ်အားတွေ့ဆုံရန် အလွန်ဇောသန်၍နေပေသည်။ အကြောင်းမူကား ထိုဧည့်သည်မှာ ရန်ကုန်စုံထောက်ဌာနမှ ဝန်ထောက်ကလေးတစ်ဦးဖြစ်နေသောကြောင့်တည်း။

**"စုံထောက်ဌာနမှ ဝန်ထောက်ကလေးနှင့်အတူ ကျွန်ုပ် ရန်ကုန်သို့လိုက်ခဲ့ရ၏။ အလုပ်တိုက်သို့ကား မရောက်။ ထောင်ကြီးချုပ်သို့ ရောက်ရပေသည်။ ကျွန်ုပ် အမှီတို့ထံသို့ထွက်ခဲ့သည့်နေ့ နံနက်က စက်သူဌေးဦးစိန်မောင်မှာ ဦးခေါင်းတွင် ပုလင်းဖြင့်အရိုက်ခံရသောဒဏ်ရာများဖြင့် သေဆုံးနေ၏။ အလောင်းအနီးတွင်တွေ့ရသော ပုလင်းခွံ၌ လက်ရာများထင်၍ ကျန်ရစ်ခဲ့ရာ စုံထောက်ဌာနမှ ဓာတ်ပုံရိုက်၏။ ထို့နောက် စက်ဝင်းစောင့်ဒရဝမ်ကြီးကို စစ်ဆေးရာ ကျွန်ုပ်တစ်ဦးတည်းသာ ဦးစိန်မောင်သေမည့်ညက လာကြောင်း သက်သေထွက်၏။ ထို့နောက် စုံထောက်ဘက်က ကျွန်ုပ်၏တိုက်ခန်းတစ်ဖက်၌နေသော ကုလားများကို စစ်ဆေး၏ . . ."**

ထို့နောက်တွင် ဖြစ်ပျက်သမျှတို့ကား သတင်းစာကြီးများတွင် အကြီးအကျယ်ရေးသားနေကြပြီးဖြစ်၍ အသေးစိတ်မဖော်ပြလိုတော့။ ဖော်ပြရန် အချိန်လည်းမရတော့။ စုံထောက်ဌာနမှ ဝန်ထောက်ကလေးနှင့်အတူ ကျွန်ုပ် ရန်ကုန်သို့လိုက်ခဲ့ရ၏။ အလုပ်တိုက်သို့ကား မရောက်။ ထောင်ကြီးချုပ်သို့ ရောက်ရပေသည်။ ကျွန်ုပ် အမှီတို့ထံသို့ထွက်ခဲ့သည့်နေ့ နံနက်က စက်သူဌေးဦးစိန်မောင်မှာ ဦးခေါင်းတွင် ပုလင်းဖြင့်အရိုက်ခံရသောဒဏ်ရာများဖြင့် သေဆုံးနေ၏။ အလောင်းအနီးတွင် တွေ့ရသော ပုလင်းခွံ၌ လက်ရာများ ထင်၍ကျန်ရစ်ခဲ့ရာ စုံထောက်ဌာနမှ ဓာတ်ပုံရိုက်၏။ ထို့နောက် စက်ဝင်းစောင့်ဒရဝမ်ကြီးကို စစ်ဆေးရာ ကျွန်ုပ်တစ်ဦးတည်းသာ ဦးစိန်မောင်သေမည့်ညကလာကြောင်း သက်သေထွက်၏။ ထို့နောက် စုံထောက်ဘက်က ကျွန်ုပ်၏တိုက်ခန်းတစ်ဖက်၌နေသော ကုလားများကို စစ်ဆေး၏။ ဤအတောအတွင်း၌ စုံထောက်ဘက်က အမှုကိုအုပ်ထားပြီးလျှင် ရန်ကုန်အလုပ်တိုက်ရှိ မန်နေဂျာကိုပင် ပိတ်ထားကြသဖြင့် ဦးစိန်မောင်သေသည့်ကိစ္စကို ကျွန်ုပ်မသိရပေ။ တစ်ဖန် စုံထောက်ဘက်က စစ်ကိုင်းရှိ သီလရှင်ဒေါ်သီလစာရီခေါ် အသန့်ထံ လိုက်ကြရပြန်၏။ အသန့်၏ထွက်ချက်ကိုယူပြီးနောက် အသန့်ထံ၌ ရှိနေသေးသော ဦးစိန်မောင်နှင့်ကျွန်ုပ် ခနောင်တို၌တွေ့ကြပုံကို ကျွန်ုပ် အသန့်ထံ ရေးခဲ့သောစာကိုပါ စုံထောက်ဘက်ကသိမ်း၏။ ထို့နောက် ကျွန်ုပ်ရှိရာ အမှီတို့မြို့ရွာ ပုလိပ်ဌာနသို့ လျှို့ဝှက်စာရေးကာ ကျွန်ုပ်၏ လက်မပုံစံကို ဖယောင်းထင်၍ကျန်ရစ်အောင် ကြံစည်၍ယူကြ၏။ ထိုဖန်ခွက်ကို ရန်ကုန်သို့ပို့လိုက်ရာ ဦးစိန်မောင်၏အလောင်းနား၌ တွေ့ရသောအရက်ပုလင်းခွံမှ လက်ရာများနှင့်တိုက်ကြည့်သည်၌ ထပ်တူဖြစ်နေသောကြောင့် ကျွန်ုပ်အား လူသတ်မှုဖြင့် ဖမ်းဆီးရန် ကျွန်ုပ်ရှိရာသို့ စုံထောက်ဌာနမှ ဝန်ထောက်ကလေးလိုက်လာခြင်းဖြစ်၏။

ဤမျှကြာရှည်စွာ အမှုပိုင်အောင် ပုလိပ်ဘက်မှ စေ့စေ့စပ်စပ်လိုက်နေရခြင်းကား တခြားမဟုတ်၊ ကျွန်ုပ်တွင် အာဏာပိုင်မိတ်ဆွေများရှိသဖြင့် စုံထောက်ဘက်မှ မသေချာဘဲနှင့် မဖမ်းဝံ့ဘဲရှိခြင်းဖြစ်ပေသည်။

ကျွန်ုပ်အား ရုံးတင်၍ စစ်ပုံကို အနည်းငယ်ဖော်ပြလိုပေသေးသည်။ အစိုးရရှေ့နေကြီးနှင့် ကျွန်ုပ်တို့ ဤသို့မေးကြဖြေကြ၏။

(အမေး) ဦးကံကောင်းနဲ့ ဒေါ်သီလစာရီတို့ဟာ ငယ်ငယ်က အတူတူနေခဲ့ကြတာက ဒေါ်သီလစာရီဟာ မသန့်ဘဝနဲ့ ဦးစိန်မောင်နဲ့ လက်ထပ်တဲ့အထိပဲမဟုတ်လား။

(အဖြေ) ဟုတ်ပါတယ်။

(အမေး) ဘယ်အရွယ်တွေရှိကြပြီလဲ...

(အဖြေ) ကျွန်တော်က အသက် ၂၅ နှစ်၊ အသန့်က ၁၉ နှစ်ပါ။

(အမေး) ဘယ်လို အငြိအစွန်းရှိဖူးသလဲ။

(အဖြေ) မရှိပါဘူး။

(အမေး) ကောင်းပြီ၊ ရန်ကုန်ကို ဦးကံကောင်းရောက်လာတော့ မသန့်ဟာ ဦးကံကောင်းရဲ့တိုက်ကို လာတတ်သလား...

(အဖြေ) လာတတ်ပါတယ်။

(အမေး) အဖော်နဲ့လား၊ တစ်ယောက်တည်းလား။

(အဖြေ) တစ်ယောက်တည်းပါ။

(အမေး) အဲဒီတုန်းက ဘာအငြိအစွန်းရှိသလဲ။

(အဖြေ) မရှိပါဘူး။

(အမေး) ကောင်းပြီ...ဒီနေ့ ဒီရက်တုန်းက မသန့်က ဦးကံကောင်းရဲ့ အခန်းမှာ ဦးကံကောင်းနဲ့အတူတူရှိနေတုန်းက တိုက်တံခါး ပိတ်ထားသလား၊ ဖွင့်ထားသလား။

(အဖြေ) ပိတ်ထားပါတယ်။

(အမေး) ဦးစိန်မောင် လိုက်လာတော့ တံခါးထုသလား။

(အဖြေ) ထုပါတယ်။

(အမေး) ဦးစိန်မောင်နဲ့ မသန့်က တစ်ယောက်တကွဲစီ ပြန်သွားကြတဲ့နောက်မှာ ဦးကံကောင်းဟာ ချာချီလမ်းက မသန့်ဆီကို သွားသလား။

(အဖြေ) သွားပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာကြီးရွှေဥဒေါင်း၏ "ရတနာပုံဝတ္ထု" ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။

## သီပေါမြို့နယ်၌ မီးဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းဆောင်ရွက်



သီပေါ ဇွန် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းကို ဇွန်လ ၂၉ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြည်ထွန်းက မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြလေ့ကျင့်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

## သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ်(၁ / ၂၀၂၆) ဖွင့်လှစ်

မြင်းခြံ ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့၌ ခရိုင်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား မြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပွားစေရေးနှင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ပစ္စည်းများဖြင့် မီးငြိမ်းသတ်နိုင်စေရေးအတွက် ရည်ရွယ်၍ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၆)ကို ဇွန်လ ၂၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးထွန်းမြနှင့် တာဝန်ရှိသူတို့က တူညီဝတ်စုံများပေးအပ်ရာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက အသီးသီးလက်ခံရယူကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၅ ဦးတက်ရောက်ပြီး ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၂၄ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၏အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့နံနက်၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာမှုအကူအညီများအပါအဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)၏ လုပ်ငန်းများတွင် IFRC က ကူညီပံ့ပိုးပေးနေမှုအခြေအနေနှင့် မြန်မာနိုင်ငံ၌ IFRC က ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ IFRC ၏မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Nadia Khoury၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာအမျိုးသမီးများနေ့အကြိုလှုပ်ရှားမှုအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတက်ရောက်

နေပြည်တော် ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ဌာနဆိုင်ရာများ၊ နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အမျိုးသမီးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ နေပြည်တော်ကောင်စီ ဝန်ထမ်းအမျိုးသမီးငယ်များ၊ မူလတန်းကြိုကျောင်းများမှသမီးငယ်လေးများ၊ နေပြည်တော်လူမှုဝန်ထမ်းရုံးမှ ဝန်ထမ်းအမျိုးသမီးများ၊ ခရိုင်(၄)ခရိုင်မှ အမျိုးသမီးငယ်များနှင့် နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့၏ သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွေးအလှူရှင်အကြိမ်ရေအများဆုံး အမျိုးသမီးဂုဏ်ပြုဆု၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ထူးချွန်ဆုရရှိသူများ၊ ဝိဇ္ဇာနှင့်သိပ္ပံတွဲတွင် ထူးချွန်စွာအောင်မြင်သူများနှင့် တေးသရုပ်ဖော်တင်ဆက်သူများကို ဆုများပေးအပ်ခဲ့ကြောင်းသိရသည်။

သျှင်ဦးမောင်(ဒက္ခိဏ)



# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၃၀

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကြီးလေးသောကျူးလွန်မှုများကြောင့် ထိခိုက်ခံစားနေရသော ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်သည့် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုး တိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့်လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ၂၀-၆-၂၀၂၆ ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

⊃ ကျောဖုံးမှအဆက်

အား/ကာသိပ္ပံအသင်းက လက်ရှိချန်ပီယံ အိမ်ရှင်ရောဝတီအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ကစားပြီး အမှတ်ပေးဇယား အဆင့်(၁)သို့ တက်လှမ်းသွားသည်။

အမှတ်ပေးချန်ပီယံရောဝတီအသင်းနှင့် ချန်ပီယံဟောင်းအား/ကာသိပ္ပံအသင်းတို့၏ ယနေ့ယှဉ်ပြိုင်မှုသည် ဘောလုံးပရိသတ်များအား စိတ်ဝင်စားမှုမြင့်တက်စေခဲ့သည့် ပွဲကောင်းတစ်ပွဲလည်းဖြစ်သည်။ နှစ်သင်းလုံးနိုင်ပွဲကိုယ်စီဖြင့် ရပ်တည်ခဲ့ကြသော်လည်း ယနေ့ထိပ်တိုက်တွေ့ဆုံမှုတွင် ချန်ပီယံရောဝတီအသင်းကို နောက်ကောက်ချကာ ချန်ပီယံဟောင်းအသင်းက နိုင်ပွဲဆက်၍ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းသွားသည်။

ပွဲစပြီဆိုသည်နှင့် အသင်းကြီးများပီပီ နှစ်သင်းလုံးတိုက်စစ်ဖွင့်၍ ဦးဆောင်ဂိုးရရှိရေး သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲကစားချိန် ၁၅ မိနစ်နောက်ပိုင်းအား/ကာသိပ္ပံအသင်းကစားကွက်ပိုပေါ်လာပြီး ခင်မာလာထွန်း၊ ရွှေရည်ထွန်းတို့၏ရုန်းအားတွန်းအားများဖြင့် ပြိုင်ဘက်နောက်တန်းကို ဖိအားပေးကစားလာခဲ့ရာ ပွဲကစားချိန် ၂၁ မိနစ်အရောက်တွင် လင်းမြင့်မိုရ်ရဲ့ဖန်တီးပေးပို့မှုကနေ တိုက်စစ်မှူး ရွှေရည်ထွန်းက အား/ကာသိပ္ပံအသင်းအတွက်ဦးဆောင်ဂိုးကိုသွင်းယူသွားခဲ့သည်။ ရောဝတီအသင်း အိမ်ရှင်ပရိသတ်များရှေ့တွင်ချေပဂိုးပြန်လည်ရရှိရေး စန်းသော်သော်၊ မေထက်လှူ၊ နော်ထက်ထက်ဝေ၊ အူဘေး၊ ရီတူပေါ်နာ၊ ဖြူဖြူဝင်းတို့ အတွဲညီညီ အချိတ်အဆက်မိမိကစားနိုင်သော်လည်း အား/ကာ သိပ္ပံအသင်းနောက်တန်းကို ထိရောက်စွာ ထိုးဖောက်နိုင်ခြင်းမရှိသည့်အတွက် ပထမပိုင်းတွင်ညေ့သည် အား/ကာသိပ္ပံအသင်းက တစ်ဂိုး၊ ဂိုးမရှိရလဒ်ဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းအရောက်တွင် ရောဝတီအသင်းချေပဂိုးရရှိရေး လူစားလဲလှယ်မှုများပြုလုပ်ပြီး တိုက်စစ်အားမြှင့်ခဲ့သော်လည်း အား/ကာသိပ္ပံအသင်းနောက်တန်းကို ထိရောက်စွာမဖြတ်ကျော်နိုင်သည့်အတွက် ချေပဂိုးနှင့် အလှမ်းဝေးခဲ့ရသည်။ နှစ်ဖက်အသင်းတိုက်စစ်ဆင်ရင်း ပွဲကစားချိန် ၄၈ မိနစ်အရောက်တွင် ရွှေရည်ထွန်း၏ တစ်ကိုယ်တော် တွန်းအားရုန်းအားဖြင့် ရောဝတီအသင်းနောက်တန်းလူများကို ကျော်ဖြတ်ကာ အား/ကာသိပ္ပံအသင်းအတွက် ဒုတိယဦးဆောင်ဂိုးကို ထပ်မံသွင်းယူသွားခဲ့သည်။ ဦးဆောင်ဂိုးနှစ်ဂိုး ခွင့်ပြုပေးခဲ့ရသော်လည်း ရောဝတီအသင်း ကစားအားမချဘဲ ပြိုင်ဘက်ကိုအကောင်းဆုံး ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၆၅ မိနစ်တွင် နောက်တန်းကစားသမားများ၏ အမှားကနေ မေထက်လှူက ရောဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့သည်။ လက်ကျန်အချိန်များအား နှစ်ဖက်အသင်းကစားသမားများ ဆက်လက်ယှဉ်ပြိုင်ကြသော်လည်း ဂိုးရလဒ်မပြောင်းဘဲ ၂ ဂိုး ၁ ဂိုးဖြင့်ပင် အား/ကာသိပ္ပံအသင်းက အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ၏ ပွဲစဉ်(၃) ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် ဖွဲကပင်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက ၇ ဂိုး ၁ ဂိုးဖြင့် ဖွဲကပင်အသင်းကို ဂိုးပြတ်အနိုင်ရရှိသွားသည်။ အဆိုပါပွဲစဉ်(၃)လက်ကျန်ပွဲစဉ်တစ်ပွဲဖြစ်သည့် မြဝတီအသင်းနှင့်ရှမ်းယူနိုက်တက်အသင်းတို့၏ပြိုင်ပွဲကို ဇူလိုင်လ ၁ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဝန်းရံခ

● ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက နိုင်ငံတော်သမ္မတကြီးနှင့်အဖွဲ့ အိန္ဒိယနိုင်ငံသို့ သွားရောက်ရသည့် ပထမအကြောင်းရင်းမှာ အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် ကြောင်ကြီးမျိုးနွယ်ဝင်များ ထိန်းသိမ်းစောင့်ရှောက်ရေးဖိုရမ်သို့ သွားရောက်ရန်စီစဉ်ခဲ့ပါကြောင်း၊ သို့သော်လည်း အာဖရိကနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါကြောင့် ယင်းနိုင်ငံများမှ ခေါင်းဆောင်များ မလာရောက်နိုင်တော့သဖြင့် အဆိုပါဖိုရမ်ကို ရွှေ့ဆိုင်းလိုက်ပါကြောင်း၊ သို့သော်လည်း အိန္ဒိယသမ္မတကြီးက မြန်မာနိုင်ငံသမ္မတကြီးအားချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ခေါ်သည့်အတွက် သွားရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ချစ်ကြည်ရေးခရီးစဉ်ကို မေလ ၃၀ ရက်မှဇွန်လ ၃ ရက်အထိ ၅ ရက်ကြာသွားရောက်ခဲ့ပါကြောင်း၊ ၅ ရက်တာ ကာလအတွင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ အိန္ဒိယနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်တို့နှင့်တွေ့ဆုံခဲ့ပါကြောင်း၊ ဒေလီမြို့တွင်ဒေသအာဏာပိုင်များနှင့်တွေ့ဆုံပြီးနောက် မွမ်ဘိုင်းမြို့သို့လည်း သွားရောက်ခဲ့ပါကြောင်း၊ ယင်းခရီးစဉ်တွင် ပညာရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် IT နည်းပညာများ၊ ပညာရေးပိုင်းဆိုင်ရာများ ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံကြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးရုံတည်ဆောက်ရေး၊ ဆေးဝါးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံလာရောက်တည်ဆောက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် နည်းပညာနှင့်ပတ်သက်ပြီး ရှေ့တန်းရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် သတင်းအချက်အလက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်ဖက်နယ်စပ်ဒေသ မတည်ငြိမ်မှုများရှိနေသည့်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများ အတားအဆီးအနှောင့်အယှက် အဟန့်အတားဖြစ်နေသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသတည်ငြိမ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း။

ထို့ပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းထုတ်ပြန်ချက်တွင် အဓိကအားဖြင့် ကုလားတန်မြစ်ကြောင်းဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်း အပြီးသတ်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းကိစ္စအပေါ် အိန္ဒိယနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့အားလုံးက အလေးထားပြီး ဆွေးနွေးခဲ့ပါကြောင်း၊ နောက်တစ်ခုမှာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း အမြန်ဆုံး အပြီးသတ်အကောင်အထည်ဖော်နိုင်ရေးကိုလည်း အိန္ဒိယနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့်လွှတ်တော်ဥက္ကဋ္ဌတို့အားလုံးက အလေးအနက်ထားပြောကြားခဲ့ပါကြောင်း။

ပညာရေးနှင့်ပတ်သက်ပြီး မဲခေါင် - ဂင်္ဂါ ပညာသင်ဆုကို မိမိတို့နိုင်ငံအနေဖြင့် ပုံမှန်အားဖြင့် ၃၆ ဆုသာရရှိပါကြောင်း၊ ယခုနှစ်မှစတင်ပြီး ၁၀၀ အထိ တိုးမြှင့်ပေးရန် ပြောကြားခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ်က စတင်ခဲ့သည့် ရူပီးနှင့်ကျပ် ငွေပေးချေရေးကိစ္စ၊ ထိရောက်စွာအကောင်အထည်မဖော်နိုင်သည့်ကိစ္စကို ယခုအချိန်မှစတင်ပြီး အကောင်အထည်ဖော်ရန် ရူပီးနှင့် ကျပ် ငွေပေးချေသည့် စနစ်များအဆင်ပြေစေရန် အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် သဘောတူညီမှုများရရှိခဲ့ပါကြောင်း။

နယူးဒေလီမြို့၌ပြုလုပ်သည့် ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် စိတ်ပူသည့်ကဏ္ဍများကို မေးမြန်းခဲ့ပါကြောင်း၊ လုံခြုံရေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုတွင် အကျိုးအမြတ်ကိစ္စများမေးမြန်းခဲ့ပါကြောင်း၊ ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတကိုယ်တိုင်တက်ရောက်ပြီး မေးမြန်းသည့်မေးခွန်းများကို သေသေချာချာဖြေကြားပေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ပါက ဝန်းကျင်ကောင်းတစ်ခုကို ရင်းနှီးမြှုပ်နှံမှုများအတွက် ဖန်တီးပေးမည်ဆိုသည်ကိုလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဖြေကြားပေးခဲ့ပါကြောင်း၊ မွမ်ဘိုင်းတွင်လည်း မိမိတို့ဘက်က UMFCCI အဖွဲ့များနှင့် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပြီး သဘောတူညီမှုများ ရရှိခဲ့ပါကြောင်း၊ တချို့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြေအနေပေးပါက ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုငွေပမာဏကိုပင် ပြောကြားခဲ့ပါကြောင်း။

လေ့လာရေးခရီးစဉ်တွင် အိန္ဒိယနိုင်ငံ MPC Limited ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် စွမ်းအင်ကုမ္ပဏီကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယင်းစက်ရုံတွင် ခေတ်ရှေ့ပြေးနေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးမျိုး ထုတ်လုပ်နိုင်သည့် စနစ်များကို Research center သဘောမျိုး ပြုလုပ်သည့်နေရာဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အကျိုးသက်ရောက်စေမည့်အနေအထားများကို များစွာတွေ့ရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်ကိုလည်း ကမ်းလှမ်းခဲ့မှုများရှိပါကြောင်း။

ထို့ပြင် ဂျဝါဟာလာနေရူး ဆိပ်ကမ်းကိုလည်း သွားရောက်လေ့လာခဲ့ပါကြောင်း၊ ရေကြောင်းအရ မိမိတို့နိုင်ငံအနောက်ပိုင်းနှင့် ချိတ်ဆက်မည့်အနေအထားများကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယခုဆိုလျှင်အိန္ဒိယနိုင်ငံသည်ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ၊ သန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် အင်အားကြီးနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံ၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ပြီး ဒီမိုကရေစီနိုင်ငံကြီးလည်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့သောနိုင်ငံကြီးက မိမိတို့နိုင်ငံ၏ သမ္မတကြီးကို နွေးနွေးထွေးထွေးလှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး ခရီးစဉ်တစ်လျှောက်လုံး ဂရုတစိုက်ရှိခဲ့မှုသည် သံတမန်ရေးအရ၊ နိုင်ငံရေးအရ အောင်မြင်မှုဖြစ်ပါကြောင်း။

စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အတွက် သဘောတူညီချက်များများစွာ ရရှိခဲ့ပါကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချုပ်အခြာအာဏာကို လုံးဝမထိပါးစေဘဲ အိန္ဒိယနိုင်ငံကိုထိပါးစေမည့်ကိစ္စများ မြန်မာ့မြေပေါ်တွင်မဖြစ်ပေါ်စေရေး၊ မြန်မာနိုင်ငံကိုထိပါးမည့်ကိစ္စများ အိန္ဒိယမြေပေါ်တွင် မဖြစ်ပေါ်စေရေးကို အလေးထားဆွေးနွေးခဲ့ပါကြောင်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်းကို အမြန်ဆုံး အပြီးသတ်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့် သဘောတူညီမှုရရှိခဲ့ပါကြောင်း။

တရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက် State Visit (နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်) အနေဖြင့် ဇွန်လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၅ ရက်ကြာ သွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်တွင် သမ္မတကြီးအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာလီချန်း၊ တရုတ်အမျိုးသားကွန်ဂရက်(NPC) ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိုတို့နှင့်တွေ့ဆုံခဲ့ပါကြောင်း၊ ရှန်ဟိုင်းတွင်လည်း ရှန်ဟိုင်း အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အလားတူ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

သမ္မတကြီး၏ခရီးစဉ်သည် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်အဆင့် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသမ္မတကြီးအတွက် ဂုဏ်ယူစရာဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း တရုတ်-မြန်မာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အလေးထားပြီး ဆွေးနွေးခဲ့ပါကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကောင်းမွန်ရေး ဆွေးနွေးခဲ့ကြပြီး စီးပွားရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ Belt and Road Initiative(BRI) နှင့် မိမိတို့ နိုင်ငံထဲတွင် ဆောင်ရွက်မည့်CMECစီမံကိန်းများအမြန်ဆုံး ပြန်လည်စတင်နိုင်ရေး၊ လုံခြုံရေးအခြေအနေအကြောင်းကြောင်းကြောင့် ရပ်ဆိုင်းထားသည့်လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ပြီး အဆိုပါစီမံကိန်းများ အပြီးသတ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ခိုင်ခိုင်မာမာပြောကြားခဲ့သည်မှာ တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒကို အပြည့်အဝထောက်ခံပါကြောင်း ဆိုသည်ကို ထပ်လောင်းအတည်ပြုခဲ့ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် အာမခံချက်ပေးသည်မှာ မြန်မာအစိုးရသစ်ကို ကြိုဆိုကြောင်း၊ ရွေးကောက်ပွဲကိုလည်း ကြိုဆိုသည့်အပြင် တက်လာသည့်အစိုးရကိုလည်း ကြိုဆိုကြောင်း၊ ထောက်ခံကြောင်း၊ လက်ရှိ မိမိတို့အစိုးရက ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ထောက်ခံကြောင်း၊ ရှေ့ဆက်ပြီးလည်း အပြည့်အဝ ထောက်ခံအားပေးသွားမည်ကို အခိုင်အမာပြောခဲ့ပါကြောင်း၊ အဓိကဆွေးနွေးခဲ့သည့် အကြောင်းအရာဖြစ်ပါကြောင်း။

ငါးရက်တာကာလအတွင်း G to G (Government-to-Government) MoU ၁၈ ခုရေးထိုးနိုင်ခဲ့ပြီး ယင်းတွင် ကဏ္ဍစုံပါဝင်ပါကြောင်း၊ သွားရောက်သည့်ရည်ရွယ်ချက်တွင်ပါဝင်သော အကြောင်းအရာများအားလုံးကို ပေါက်မြောက်အောင်လည်း ယခုခရီးစဉ်တွင် MoU များထိုးနိုင်ခဲ့ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကောင်းမွန်ရေးအတွက်လည်း ပါဝင်ပါကြောင်း၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ သတင်းမီဒီယာအပိုင်းနှင့် မိမိနိုင်ငံ၏ သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် training များ၊ မိမိနိုင်ငံတွင်လာရောက်၍ ဖလှယ်မည့် နည်းပညာများ၊ လုပ်ငန်းစဉ်များ၊ ချစ်ကြည်ရေးလုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုနှင့် အာကာသအစီအစဉ်ဖြစ်ပါကြောင်း၊ ယင်းအာကာသအစီအစဉ်နှင့် ပတ်သက်၍ ပညာတော်သင်များစေလွှတ်ပြီး ပညာရပ်များကိုလေ့လာရန် ဆွေးနွေးခဲ့ပါကြောင်း၊ တရုတ်- မြန်မာပညာရှင်များ ပူးပေါင်းပြီး စိုက်ပျိုးရေး၊ မိုးလေဝသ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဂြိုဟ်တုတစ်လုံးလွှတ်တင်ရန်နှင့် ပညာရှင်များပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ပါကြောင်း။

GSI, GDI, GCI, GGI လေးချက်ကိုလည်း တရုတ်နိုင်ငံက Initiative, Global Initiative စတင်ပြီး ဆောင်ရွက်နေသည့် ယင်းလုပ်ငန်းစဉ်များတွင် MoU ထိုးခဲ့ပါကြောင်း၊ တရုတ်သည် ကျန်နိုင်ငံများအားလုံးနှင့် လေးခုစလုံးတွင် MoU ထိုးခြင်းမျိုးမရှိပါကြောင်း၊ အချို့နိုင်ငံများက နှစ်ခုသို့မဟုတ် တစ်ခုသာ ရေးထိုးပါကြောင်း၊ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် Global Initiative လေးခုတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဆိုသည့် အနေအထားမျိုးကို ပြသနိုင်ခဲ့ပါကြောင်း။

တရုတ်နိုင်ငံသည် စက်မှုနည်းပညာနှင့် AI မည်မျှ တိုးတက်သည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ တရုတ် နိုင်ငံသို့ လာရောက်သည့် အာဆီယံခေါင်းဆောင်များထဲတွင် မြန်မာနိုင်ငံသမ္မတကြီးက ပထမဆုံးဖြစ်သည်ဟုသိရပါကြောင်း၊ မိမိတို့နိုင်ငံထဲတွင်လည်း ရထားလမ်းများ ဖောက်လုပ်မည်ဖြစ်သည့်အတွက် CRCC (ရထားလမ်းဆောက်လုပ်ရေး)ကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ တရုတ်မှ မြန်မာ ကျောက်ဖြူအထိသွားမည့် ရထားလမ်းအပြင် ပြည်တွင်းတွင် တခြားရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ပါကြောင်း၊ ရှန်ဟိုင်းရှိ Lingang Special Area တွင်လည်း မြို့ပြဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ဆောင်ရွက်မည်ကို အသေးစိတ်လေ့လာခဲ့ပါကြောင်း၊ Leapmotor လျှပ်စစ် EV ကားစက်ရုံကိုလည်း သွားရောက်လေ့လာခဲ့ပါကြောင်း၊ ဝါးပင်မှ တစ်ဆင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန် သွားရောက်လေ့လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် စက်ရုံလာရောက်တည်ထောင်ပြီး ကုန်ကြမ်းပစ္စည်းများထုတ်လုပ်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်များ ရရှိခဲ့ပါကြောင်း။

Unitree Robotics (စက်ရုပ်နည်းပညာ) ဖွံ့ဖြိုးတိုးတက်မှုများကိုလေ့လာခဲ့ပြီး အသုံးပြုမည့်နေရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါကြောင်း၊ မိမိနိုင်ငံမှ သင်တန်းသားများစေလွှတ်နိုင်ရေး ဆွေးနွေးဆဲဖြစ်ပြီး မကြာခင် အကောင်အထည်ဖော်လာနိုင်မည့် အခြေအနေရှိပါကြောင်း၊ ရှန်ဟိုင်းမြို့တွင် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုညီလာခံ (Shanghai Summit)သို့ တရုတ်ဘက်မှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀ ကျော်နှင့်မြန်မာဘက်မှ ၂၀၀ ကျော်၊ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံ၏ State-owned Enterprise ကြီးများ၊ Belt and Road Initiative (BRI) တွင် ပါဝင်နေသော ကုမ္ပဏီကြီးများ တက်ရောက်ခဲ့ကြကြောင်း၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးမည်ကို ရှင်းလင်းပြောကြားပြီး ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ယင်း Summit တွင် ပြခန်းပေါင်း ၃၅ ခု ပြသခဲ့ပြီး မြန်မာနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအကြား B2B MoU ပေါင်း ၇၀ ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရန် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပါကြောင်း။

ခရီးစဉ်များနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အနေဖြင့် အိန္ဒိယသည် ကမ္ဘာ့လူဦးရေအများဆုံး သန်း ၁၄၀၀ ကျော်ရှိပြီး တရုတ်သည် လူဦးရေ သန်း ၁၄၀၀ ကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ စစ်ရေး၊ စီးပွားရေး၊ နည်းပညာအင်အားကြီးနိုင်ငံများဖြစ်ပါကြောင်း၊ နိုင်ငံကြီးများနှင့် ဆက်ဆံနိုင်ခြင်းသည် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးနှင့် နိုင်ငံရေးအရ အောင်မြင်မှုဖြစ်ပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ အေးအတူပူအမျှအသိုက်အဝန်းကိုလည်း ဆွေးနွေးခဲ့သည့်နေရာတိုင်းတွင် နိုင်ငံ့ခေါင်းဆောင်များ၊ ပါတီခေါင်းဆောင်များ အဓိကဆွေးနွေးကြပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှုမြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက်လည်း ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ Mou၊ B to B၊ G to G ရေးထိုးနိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် လူဦးရေသန်း ၃၀၀၀ ကျော်ရှိသည့် ဈေးကွက်ကြီးပွင့်သွားပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

သတ္တုတွင်း၊ ဒစ်ဂျစ်တယ်၊ AI၊ လျှပ်စစ်နှင့် ပြည့်ဖြိုးမြဲစွမ်းအင်၊ ရထားလမ်းဖောက်လုပ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများရရှိခဲ့ပါကြောင်း၊

စာမျက်နှာ ၇ သို့ ●

● စာမျက်နှာ ၆ မှအဆက်

လက်ရှိဆောင်ရွက်နေသည့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များလည်း တိုးမြှင့်သွားရန် သဘောတူညီမှုများရရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ခရီးစဉ်နှစ်ခုကို သုံးသပ်ကြည့်မည်ဆိုပါက အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့သွားရောက်သည့်ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်ခဲ့သကဲ့သို့ ရလဒ်များသည်လည်း အားရကျေနပ်ဖွယ်ရှိပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရသစ်၏ အစကောင်း၊ အဖွင့်ကောင်းဖြစ်သည်ဟု ခရီးစဉ်နှစ်ခုအပေါ် သုံးသပ်၍ရပါကြောင်း။

အစိုးရသစ်ရက်၁၀၀ စီမံကိန်း (100–Day Plan) တိုးတက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအားလုံးသည် ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ပြင်ဆင်ခဲ့ပါကြောင်း၊ ရက် ၁၀၀ စီမံချက်တွင် တချို့က လုပ်ငန်းကြီးများဖြစ်သည့်အတွက် တစ်ခု၊ နှစ်ခုရှိပြီး တချို့မှာ ဆောင်ရွက်မည့် လုပ်ငန်းအသေးများရှိပါကြောင်း၊ စီမံချက်အရေအတွက်နှင့် ပြီးစီးမှုရာခိုင်နှုန်းကို ဖော်ပြထားပါကြောင်း၊ ယင်းဆောင်ရွက်မှုအခြေအနေများ၊ အသေးစိတ်အချက်အလက်များရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့်စီမံကိန်းအရေအတွက်နှင့် ပြီးစီးမှုရာခိုင်နှုန်းများမှာ ယေဘုယျအားဖြင့် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ အချို့ကဏ္ဍများတွင် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး ဥပမာအားဖြင့် ပို့ဆောင်ရေးတွင် ၉၃ ရာခိုင်နှုန်း၊ ပြည်ထဲရေးတွင် ၁၀၀ ရာခိုင်နှုန်း၊ သိပ္ပံနှင့်နည်းပညာ၊ ဥပဒေရေးရာတို့တွင် ၉၈ ရာခိုင်နှုန်းအထိ ပြီးစီးမှုများရှိနေပါကြောင်း၊ တချို့ကဏ္ဍများလည်း အကောင်အထည်ဖော်ဆဲအနေအထားမျိုးတွေ့ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတကြီး အစည်းအဝေးတိုင်းတွင် တစိုက်မတ်မတ်ပြောကြားသည့်ကိစ္စသည် ပညာရေးကဏ္ဍဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေအထားသည် ပညာရေးအားနည်းသည့်အတွက် မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ ပညာရေးမြှင့်တင်ရန်အတွက် ပညာရေးဝန်ကြီးဌာနကလည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်ရန် အရေးကြီးပါကြောင်း၊ လွန်ခဲ့သော ၅ နှစ်တာအတွင်း မတည်ငြိမ်မှုများနှင့် ပဋိပက္ခများကြောင့် ကျောင်းများပိတ်ထားခဲ့ရသဖြင့် ကျောင်းများအမြန်ပြန်ဖွင့်နိုင်ရန်၊ ဆရာ/ ဆရာမများရရှိရန်နှင့် ကျောင်းသားများ ကျောင်းတက်နိုင်မည့် ပတ်ဝန်းကျင်ဖန်တီးရန် အစိုးရက ကြိုးပမ်းနေပါကြောင်း။

မေလ ၂၅ ရက်မှ မေလ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအပ်နှံနိုင်သေးသူများအတွက် ကျောင်းအပ်လက်ခံမှုကို ဩဂုတ်လ ၃၁ ရက်နေ့အထိ (၃ လသက်တမ်း) တိုးမြှင့်ပေးထားပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် (ဇွန်လ ၂၉ ရက်နေ့အထိစာရင်းအရ) ကျောင်းသားဦးရေ ၇ ဒသမ ၂၇၅ သန်း ရှိပြီး ကိန်းဂဏန်းသည် ဆက်လက်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယခင်နှစ် (၂၀၂၅-၂၀၂၆) ပညာသင်နှစ်တွင် ၇ ဒသမ ၂၅၃ သန်းရှိခဲ့သဖြင့် ယခုနှစ်တွင် ကျောင်းသားဦးရေ ပိုမိုတိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ကျောင်းအပ်နှံပြီးသူများအနက် လက်ရှိအမှန်တကယ် ကျောင်းတက်ရောက်မှုနှုန်းမှာ ၉၈ ဒသမ ၆၅ ရာခိုင်နှုန်းရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၅၁၀၀၀ ကျော်ရှိသည့်အနက် ကျောင်းပေါင်း ၃၅၀၀၀ ကျော် ဖွင့်လှစ်နိုင်ပါကြောင်း၊ ကျန်သည့် ၃၀ ရာခိုင်နှုန်းကိုလည်း ဆက်လက်ဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ သုံး / လေးနှစ်တာကာလအတွင်း ပဋိပက္ခများ ဖြစ်ပွားခဲ့သည့်အတွက် ကျောင်းများပိတ်ခဲ့ရပါကြောင်း၊ လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ကျောင်းမသွားနိုင်ကြပါကြောင်း၊ သို့သော်လည်း ကလေးများသည် အသက်ကြီးလာပြီး အတန်းငယ်နေကြပါကြောင်း၊ ယင်းကလေးများသည် Self study သို့မဟုတ် နည်းလမ်းတစ်ခုခုဖြင့် ပညာရေးကိုမြှင့်တင်နေသည့် ကလေးများရှိပါကြောင်း၊ ယင်းကလေးများ၏အသက်အရွယ်နှင့် အတန်းများသည် အခြေအနေအကြောင်းကြောင်းကြောင့် မကိုက်ညီသည့်အနေအထားမျိုးဖြစ်နေပါကြောင်း၊ ထို့ကြောင့် Placement test ကိုဆောင်ရွက်ပြီး အဆင့်နှင့်ကိုက်ညီသည့် အတန်းကို ဝင်ရောက်ဖြေဆိုရန်ဖြစ်ပါကြောင်း၊ သို့သော် အထက်တန်းသည်ပြင်ပဖြေဖြင့် ဝင်ရောက်ဖြေဆို၍ရသဖြင့် မူလတန်းနှင့် အလယ်တန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁ သိန်း ၆ သောင်းကျော် စာရင်းသွင်းပြီး ၁ သိန်း ၄ သောင်းကျော်ဝင်ရောက်ဖြေဆိုခဲ့ပါကြောင်း၊ မနက်ဖြန်အောင်စာရင်းထွက်မည်ဖြစ်ပါကြောင်း။

ထို့ပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများ ကျောင်းသား၊ ကျောင်းသူအရေအတွက် ၇၃ ရာခိုင်နှုန်း ကျောင်းတက်သည်ကို တွေ့ရပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံစုစုပေါင်း ၂၂၃ ကျောင်းတွင် ၂၁၆ ကျောင်း ဖွင့်လှစ်နိုင်ပါကြောင်း၊ တွဲဖက်ဖွင့်ထားသည့် ကျောင်း ၁၃ ကျောင်းရှိပါကြောင်း၊ လုံးဝမဖွင့်လှစ်နိုင်သည့် ကျောင်း ၇ ကျောင်းသာရှိပါကြောင်း၊ ဇွန်လ ၂၉ ရက်က ထုတ်ပြန်သွားသည့် Grade 12 (၁၂)တန်း အောင်စာရင်းဖြစ်ပါကြောင်း၊ ဖြေဆိုသူ ၂ သိန်း ၅ သောင်း ၅ ထောင်ရှိပြီး အောင်မြင်သည့် ဦးရေ ၁ သိန်း ၃ သောင်း ၃ ထောင်ကျော်ဖြစ်သည့်အတွက် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းအောင်မြင်ပါကြောင်း၊ ယခင်နှစ်များထက် ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရပါကြောင်း။

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ပြည်သူများအကြား စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ မြန်မာ့မီးရထား DEMU ရထားဖြစ်ပါကြောင်း၊ DEMU ရထားသည် သန့်ရှင်းပြီး Aircon များပါဝင်ကာ အချိန်အားဖြင့် တိကျပါကြောင်း၊ ယခုနောက်ပိုင်းတွင် ထပ်မံ၍ မန္တလေး-ရန်ကုန် တိုးချဲ့ပြီးပြေးဆွဲနေပြီဖြစ်ပါကြောင်း၊ ယင်းရထား၏ အားသာချက်သည် ငွေကျပ် ၂ သောင်းကျော်သာ ပေးရပြီး ရန်ကုန်မြို့လယ်ကောင်၊ မန္တလေးမြို့လယ်ကောင် ရောက်သွားပါကြောင်း၊ စရိတ်စကများလည်း များစွာသက်သာပြီး သွားရေးလာရေးတွင်လည်း သက်သောင့်သက်သာရှိပါကြောင်း၊ မနက်ဖြန်ဆိုလျှင် ရန်ကုန်-မော်လမြိုင်-ရန်ကုန် နေ့ချင်းပြန် စတင်ပြေးဆွဲမည်ဖြစ်ပါကြောင်း၊ စီမံချက်ထဲတွင် အောင်မြင်သည့်လုပ်ငန်းစဉ်တစ်ခုဟုပြော၍ရပါကြောင်း၊ နေပြည်တော်-ရန်ကုန် တိုးချဲ့ရန် ဆောင်ရွက်နေပါကြောင်း။

နိုင်ငံတော်သမ္မတရုံး သတင်းနှင့်ပြန်ကြားရေးဗျူရိုကို PPIB ဟု ခေါ်ပါကြောင်း၊ ယင်းကို မိတ်ဆက်ရသည့် ရည်ရွယ်ချက်နှစ်ခုရှိပါကြောင်း၊ ပထမတစ်ခုမှာ Website ထဲတွင် သတင်းမှန်များဖော်ပြပေးလျက်ရှိပါကြောင်း၊ PPIB နှင့်ပတ်သက်၍ Website၊ Telegram၊ YouTube၊ TikTok တို့ရှိပါကြောင်း၊ လေးခုစလုံးစတင်လည်ပတ်နေပြီဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ပါကြောင်း၊ ည ၆ နာရီ၊ ၇ နာရီ၊ ၈ နာရီ သတင်းအထိ စောင့်စရာမလိုဘဲ ခရီးစဉ်နှင့်ပတ်သက်ပါကလည်း ဆောင်ရွက်နေစဉ်ကာလအတွင်း သတင်းများကို တင်ဆက်ပေးမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် မေးမြန်းလာသည့် မေးခွန်းများကို မြန်မြန်ဖြေနိုင်သည့် ကိစ္စဖြစ်ပါက ချက်ချင်းဖြေပေးမည်ဖြစ်ပြီး အချက်အလက်စုဆောင်းရမည့်ကိစ္စဆိုပါက အချက်အလက်စုဆောင်းပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါကြောင်း။

သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်၍ နှစ်ဖွဲ့ရှိပါကြောင်း၊ တစ်ဖွဲ့မှာ နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့ဖြစ်ပါကြောင်း၊ သမ္မတကြီး၏ မူဝါဒ၊ နိုင်ငံတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စီမံကိန်းများ၊ နိုင်ငံတော်အဆင့်ကိစ္စရပ်များ သိရှိလိုပါက မိမိအားဆက်သွယ်ပြီး မေးမြန်းနိုင်ပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များနှင့် အခြားသိလိုသည့် အကြောင်းအရာများကို သိရှိလိုပါက ပြည်ထောင်စုအစိုးရသတင်းထုတ်ပြန်ရေးအဖွဲ့ရှိပြီး ယင်းအဖွဲ့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်တွင်း / ပြည်ပ သတင်းဌာနများမှ မေးမြန်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**နေပြည်တော် မှူခင်းနှင့်သတင်းစုံဂျာနယ်မှ ဦးမင်းမောင်**က တနင်္သာရီတိုင်း



ဒေသကြီးအတွင်း တွေ့ရှိထားသော ကမ္ဘာတွင်ဒုတိယအကြီးဆုံး သဘာဝဓာတ်ငွေ့သိုက်ကြီးကိုမည်သည့်အချိန်တွင် မည်သည့်နိုင်ငံများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားရာတွင် သတင်းစာများ၌လည်း ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ လေ့လာဆဲဖြစ်ပြီး မည်သူနှင့်ဆောင်ရွက်မည်ကို မသိရသေးကြောင်း၊ ရှာဖွေတွေ့ရှိပြီး Test လုပ်နေသည့် အဆင့်သာရှိသေးကြောင်း၊ ဘယ်လောက်ထွက်ရှိနိုင်မည်ကို တရားဝင်ကြေညာခဲ့ပြီး ထွက်နိုင်ခြေရှိသည့် Feasibility Study အနေအထားသာရှိပါသေးကြောင်း၊ Test Run အဆင့်သာ ရှိသေးပြီး အသေးစိတ်အချက်အလက်များသိရသည့်အချိန်တွင် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်သည့်အတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မြန်မာသံတော်ဆင့် ဂျာနယ်မှ အယ်ဒီတာချုပ်ဦးကျော်စွာဝင်း**က နိုင်ငံတော်



သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်းပညာရေးကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည့်အချက်များကို သိရှိလိုခြင်းမေးခွန်းအပေါ် ဖြေကြားရာတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်၌ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ကျန်းမာရေးနှင့် လူငယ်ရေးရာကိစ္စရပ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ အစိုးရအချင်းချင်း (G2G) လက်မှတ်ရေးထိုးခဲ့သည့် အစီအစဉ်များထဲတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ရေးထိုးခဲ့ပါကြောင်း၊ အာကာသယာဉ်စေလွှတ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆွေးနွေးခဲ့သကဲ့သို့ အာကာသပညာရပ်ဆိုင်ရာ ဘာသာရပ်များကိုလေ့လာနိုင်ရန်အတွက်ကျောင်းသား/ ကျောင်းသူများကို စေလွှတ်မည့်ကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသည် AI ကဏ္ဍတွင် အလွန်ဖွံ့ဖြိုးတိုးတက်နေသောကြောင့်နိုင်ငံတော်သမ္မတကိုယ်တိုင် AI နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံနှင့် အထူးပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် အဆင့်မြင့်နည်းပညာရပ်များ သင်ယူနိုင်ရန်အတွက် ပညာသင်များစေလွှတ်သွားမည့် အစီအစဉ်လည်းပါဝင်ကြောင်း ဖြေကြားသည်။

**ဆင်ဟွာသတင်းဌာနမှသတင်းထောက် ဒေါ်အိမွန်ကျော်**၏ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတရုတ်-မြန်မာ ဆက်ဆံရေးအပေါ် ဘယ်လိုမြင့်မားသည့် မဟာဗျူဟာအမြင်က ရှုမြင်ပြီး မည်သို့တိုးတက်အောင် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရာတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ချစ်ချစ်ခင်ခင်နေထိုင်လာခဲ့သည့် အိမ်နီးနားချင်းကောင်း နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို လက်ကိုင်ထားပြီး အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုခိုင်မာ



အောင် ဆက်လက်လုပ်ဆောင်နေသကဲ့သို့ ခရီးစဉ်တွင်လည်း အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြကြောင်း၊ တရုတ်နိုင်ငံက ဦးဆောင်သည့် Global Initiatives များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်နေပြီး ယင်းသည် နှစ်နိုင်ငံအကြား ရေရှည်စီမံကိန်းအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း၊ GDI,GSI အပါအဝင် သဘောတူညီချက်စာလွှာ (၄) ခုစလုံးတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသည် တရုတ်နိုင်ငံ၏ Multi-polar World Order အစီအစဉ်တွင် မြန်မာနိုင်ငံက အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေခြင်းကို ပြသနေခြင်းဖြစ်ကြောင်း။

ထို့ပြင် SCO ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို အဆင့်မြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ တစ်ဆင့်ချင်း သတင်းထုတ်ပြန်မှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ One China Policy ကို အပြည့်အဝထောက်ခံသည်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ကြောင်း။

BRI နှင့် CMEC စီမံကိန်းများသည် မြန်မာနိုင်ငံအတွင်းမှဖြတ်၍ တရုတ်နိုင်ငံအနောက်ဘက်ထွက်ပေါက် အိန္ဒိယသမုဒ္ဒရာနှင့် အာဖရိကတိုက်သို့သွားရန် အတိုဆုံးလမ်းကြောင်းဖြစ်သောကြောင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံသည် နယ်စပ်ဒေသနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းစဉ်များနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်များစွာအထောက်အကူပြုနိုင်သည့် အနေအထားတွင် ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုသာ နှစ်နိုင်ငံ၏

စာမျက်နှာ ၈ သို့ ●

● **စာမျက်နှာ ၇ မှအဆက်**

ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ တရုတ် နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၊ သံတမန်ဆက်ဆံရေး ၇၆ နှစ်၊ အေးအတူ ပူအမျှ အသိုက်အဝန်း၊ မြန်မာနိုင်ငံအပေါ် ထားရှိသည့် သဘောထားနှင့် ပတ်သက်၍ အဓိက (၂) ချက်ဖြင့် ကူညီဆောင်ရွက် ပေးသွားမည်ဟု တရုတ်နိုင်ငံသမ္မတကြီး ကိုယ်တိုင်နှင့် ဝန်ကြီးချုပ်တို့က ကတိပြု ပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂ၊ အာဆီယံမျက်နှာစာတွင် မြန်မာနိုင်ငံကို နိုင်ငံတကာတွင် တန်းတူရည်တူ ညီမျှစွာ ပါဝင်နိုင်ရေးအတွက် တရုတ်နိုင်ငံဘက်မှ အစဉ်တစိုက် ကူညီဆောင်ရွက်သွားမည် ဖြစ်ပြီး ခိုင်ခိုင်မာမာ ထောက်ခံရပ်တည် ပေးသွားမည်ဖြစ်ကြောင်းကို အလေးအနက် ပြောကြားခဲ့ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခွဲခြား၍မရဘဲ အတူတကွ ပူးပေါင်းဆောင် ရွက်ပြီး ရည်မှန်းချက်ချင်း အတူတူသွားနေ သည့် မဟာဗျူဟာမြောက် တရုတ်-မြန်မာ ဆက်ဆံရေးအဆင့်ဖြစ်ကြောင်း ဖြေကြား သည်။

Myanmar Transparency News သတင်းအေဂျင်စီမှ အကြီးတန်းသတင်း ထောက် ဦးကြည်နိုင်က မြစ်ဆုံစီမံကိန်း



ပြန်လည်လုပ်ဆောင်ရန် ကချင်ပြည်နယ် တွင် ဆွေးနွေးပွဲများ ဆောင်ရွက်နေပြီး ဆက်လက်လုပ်ဆောင်မည်ဆိုပါက ပြည်သူ လူထု၏စိုးရိမ်မှုများအပေါ် မည်သို့ဆောင် ရွက်သွားမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း ၍ ခရီးစဉ်အတွင်း မြစ်ဆုံစီမံကိန်းပြန်စရန် ဆွေးနွေးခဲ့သည်များရှိပါကြောင်း၊ မိမိတို့ နိုင်ငံ၏ ရည်မှန်းချက်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ် အား ရရှိရေးစီမံကိန်းက ၂၀၃၀ တွင် ၁၀၀ ရာခိုင်နှုန်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့ပါ ကြောင်း၊ ယင်းစီမံကိန်းက ယခုမှ လုပ်ဆောင်ခြင်းမဟုတ်ကြောင်း၊ အစည်း အဝေးတွင် နိုင်ငံတော်သမ္မတကြီးက မြစ်ဆုံ စီမံကိန်းကို ယခင်ကတည်းက အကောင် အထည်ဖော်နိုင်ခဲ့မည်ဆိုပါက ယခုအချိန် တွင် တစ်နိုင်ငံလုံး မီးထိန်ထိန်လင်းနေမည် ဖြစ်ပြီး မီးလင်းခြင်းနှင့်အတူ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ပြောကြားခဲ့ကြောင်း။

မြစ်ဆုံစီမံကိန်းဆောင်ရွက်ရန် နေရာ ခုနစ်ခုရှိပြီး ဧရာဝတီမြစ်ဆုံမြစ်ညာမြစ်ဝှမ်း စီမံကိန်း တစ်ခုတည်းတင်ကို မဂ္ဂါဝပ် ၅၆၀၀ ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံ လုံးအတွက် မဂ္ဂါဝပ် ၁ သောင်းကျော် လိုအပ်သည့်အတွက် ကျန်သည့် ခြောက်ခု နှင့်ပေါင်းပါက မိမိတို့နိုင်ငံအတွက် ရာနှုန်း ပြည့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း။

ပြည်သူများ၏ စိုးရိမ်ပူပန်မှုများရှိသကဲ့ သို့ နိုင်ငံတော်သမ္မတကြီးကလည်း စိုးရိမ် ပူပန်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး ယာယီ သမ္မတ တာဝန်ယူထားစဉ်ကာလက ဒေသခံ ပြည်သူများ သဘောမတူပါက စီမံကိန်း အောင်မြင်ရန် မလွယ်ကူကြောင်း၊ ဒေသခံ ပြည်သူများ၏ သဘောထားရယူရန် လမ်းညွှန်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ဒေသခံ ကော်မတီများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ နှင့် ၂၀၂၆ ဇန်နဝါရီလတွင် ၂၄ ဦးနှင့် ဖွဲ့စည်း ပြီး ဒေသခံပြည်သူလူထုနှင့် မြေပြင်တွင် တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါ ကြောင်း၊ ဆွေးနွေးပွဲရလဒ်များ ထွက်ရှိခဲ့ပြီး မထုတ်ပြန်ရသေးပါကြောင်း၊ ဆွေးနွေးပွဲ ရလဒ်များကို အကျဉ်းချုပ်ပြီး ပြောရမည် ဆိုပါက ဆွေးနွေးခဲ့သူများအားလုံးက လျှပ်စစ်မီးလိုချင်ကြကြောင်း၊ ဒေသခံများ အားလုံးလည်း လျှပ်စစ်မီးလိုချင်ကြောင်း။

သို့သော် ဒေသခံတချို့တွင် သတင်း အမှားများရရှိနေကြောင်း၊ စီမံကိန်း ဆောင်ရွက်လိုက်ပါက ယင်းစီမံကိန်းဝန်းကျင် ရှိ ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ် များအတွက် စိုးရိမ်ပူပန်မှုများရှိပါကြောင်း၊ ယင်းအတွက် ကောင်းကျိုးဆိုးကျိုးမည်မျှ ဖြစ်နိုင်သည်ကို မိမိတို့ အသေးစိတ်ဆန်းစစ် လေ့လာနေကြောင်း၊ စီမံကိန်းတိုင်းတွင် အကောင်း၊ အဆိုးရှိနိုင်သည့်အတွက် Check and balance လုပ်ပြီး အကောင်းရာခိုင်နှုန်း များပါက စီမံကိန်းကို အကောင်အထည် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။ ယင်း စီမံကိန်းသည် အကြမ်းဖျင်းအားဖြင့် ကောင်း ကျိုးများစွာရှိသကဲ့သို့ ဆိုးကျိုးလည်း အနည်းငယ်ရှိနိုင်ပါကြောင်း၊ ရှိနိုင်သည့် ဆိုးကျိုးကိုလည်း အကောင်းဆုံးနှင့် အနည်းဆုံးဖြစ်အောင် ပညာရှင်များဖြင့် တွက်ချက်ပြီး တရားဝင် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကြံခင်းမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

ကြံခင်း ဇွန် ၃၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့မြို့မရပ်ကွက်ရှိ နန်းဦးဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း၌ သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း များ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ရေပြင်ရှာဖွေ ကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က ရေပြင် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရေပြင်ရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသမှုဆောင်ရွက်ကြရာ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင် ၍တပ်ဖွဲ့ဝင်များ၊ သန္နေတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက သဘာဝဘေးရေကြီးရေလျှံမှုများ၊ စက်လှေတိမ်းမှောက် မှုများဖြစ်ပေါ်လာခဲ့လျှင် ရှာဖွေကယ်ဆယ်ခြင်း၊ အသက် ကယ်ဘောကွင်းအသုံးပြု၍ရေနစ်သူအားကယ်ဆယ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်းနှင့် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ လူနာတင်ယာဉ်တို့ဖြင့် ပို့ဆောင်ခြင်းတို့ကို ပူးပေါင်း၍ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများအား မြို့နယ်သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်နှင့်တာဝန်ရှိသူများက ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုတောင်သူလက်တွေ့သရုပ်ပြသ

ရွှေတောင် ဇွန် ၃၀

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်မင်းကွန်း ကျေးရွာအုပ်စု မင်းကွန်းကျေးရွာ ကွင်းအမှတ် ( ၄၁၉ B) ကွန်းညှပ်စင်ကွင်းရှိ တောင်သူ ဦးသိန်းဝင်း၏ လယ်မြေ ခုနစ် ဧက၌ မော်ဘီ(၂) စပါးမျိုးအား ပျိုးဗန်းဖြင့် ပျိုးထောင်၍ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု တောင်သူလက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်း တွင် ကျင်းပရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေး၊ မွေးမြူ ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးအောင်ကျော်စိုး နှင့် တာဝန်ရှိသူများက မော်ဘီ(၂) စပါးမျိုးအား ပျိုးဗန်း ဖြင့် ပျိုးထောင်ပြီး ပျိုးသက် ၁၆ ရက်သားတွင် လက်ဆွဲ ကောက်စိုက်စက်ဖြင့် လက်တွေ့တောင်သူသရုပ်ပြ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှု စစ်ဆေးပြီးပြည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေး၊မွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးအောင်ကျော်စိုးက သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများအား အချိုးကျရောနှောအသုံးပြုရန်၊ စိုက်နည်းစနစ်မှန်ကန် ရေးတို့အား တောင်သူများသိရှိလိုက်နာဆောင်ရွက်ရန် တာဝန်ရှိသူများက စဉ်ဆက်မပြတ် မြေပြင်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

# လားရှိုးမြို့ သူနာပြုသင်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်များပြသ

လားရှိုး ဇွန် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် သူနာပြုသင်တန်း ကျောင်းတို့ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက် နှင့် နံရံကပ်စာစောင်များပြသခြင်းကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပ သည်။

ရှေးဦးစွာ သူနာပြုသင်တန်းကျောင်း မှ ကျောင်းအုပ် (စီမံ) ဒေါ်နန်းခမ်းနွမ်းယုက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်း ထွန်းနေလှိုင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း ကြောင့် ရရှိနိုင်သည့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ အကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့် တင်ရေးခေါင်းစဉ်တို့ဖြင့် အသိပညာပေး ဟောပြောသည်။

ထို့နောက် နယ်လှည့်စာကြည့်တိုက် စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်း ပေးခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု အန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝ ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အသိပညာ ပေးနံရံကပ်စာစောင်များကို ခင်းကျင်း ပြသထားရာ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများက စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **လူမော်(ပြန်/ဆက်)**

## (၃၀-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၆,၁၃၉,၂၀၃.၉၂ | ၈,၉၅၇,၄၈၅.၀၇ | ၄၇,၆၃၄,၄၀၈.၉၃ | ၂၈၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဂျုံ၊ တိရစ္ဆာန်အစာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၈၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ဇလွန်မြို့နယ်၌ ခရမ်းသီးများ ဝယ်လိုအားကောင်းသဖြင့် အရောင်းအဝယ်ကောင်းမွန်နေ

ဇလွန် ဇွန် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအား ကောင်းသဖြင့် အရောင်းအဝယ်ကောင်းမွန် နေကြောင်း ဇလွန်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝင်းမြင့်၏ပြောပြချက်အရ သိရသည်။

ဇလွန်မြို့နယ်၌ ဇွန်လနောက်ဆုံးပတ် မှစ၍ ဒေသထွက်ခရမ်းသီးများ ဝယ်လို အားကောင်းပြီး တစ်ရက်လျှင် ခရမ်းသီး အလုံးရေ ၃၅၀၀၀ မှ ၅၀၀၀၀ ခန့်အထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

ဇလွန်မြို့နယ်၌ ခရမ်းသီးအပါအဝင် တခြားကုန်စိမ်းသီးနှံများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအား နှင့် ရောင်းလိုအားမျှတမှုရှိလာပြီး ဒေသ ဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ အထိုက်အလျောက် ကျဆင်းလာမည်ဖြစ် သဖြင့် ဒေသခံပြည်သူများ၏ သက်သာ ချောင်ချိရေးကို အထောက်အကူပြုစေ မည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**

# မြန်အောင်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ



မြန်အောင် ဇွန် ၃၀

ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်၊ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား စိုက်ပျိုးမည့် ပျိုးပင်များ အသီးသီးဖြန့်ဝေပေးအပ်ပြီး သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်စိုက်ပျိုးကြသည်။

မြန်အောင်မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုမျှတပြီး အပူချိန်ထိန်းညှိပေးရန်၊ သစ်တောသယံဇာတရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများအားထိန်းသိမ်းရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်းဖြစ်ပြီး သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပိတောက်၊ ခရေ၊ မန်ဂျန်ရှား၊ ဗာဒံ စသည့်သစ်မျိုး ၁၁ မျိုး စုစုပေါင်း အပင် ၂၀၀၀ ကို စိုက်ပျိုးသည်။

အဆိုပါအခမ်းအနားသို့ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်အောင်ရေနံမြေမှဝန်ထမ်းများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြန်အောင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)

# ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်

ပဲခူး ဇွန် ၃၀

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နီမြင့်၏ဦးဆောင်မှုဖြင့် မြို့နယ်ကျောင်းကျန်းမာရေးဌာန၊ မြို့နယ်ဒေသန္တရကျန်းမာရေးဌာနတို့ပူးပေါင်းပြီး (KG+Grade–1)ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းနှင့် အခြားသောအတန်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ပြုလုပ်ပေးကြသည်။

အဆိုပါ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်း ပြုလုပ်ရာတွင် ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နီမြင့်နှင့် မြို့နယ်ကျောင်းကျန်းမာရေးဌာန၊ မြို့နယ်ဒေသန္တရကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများက မှန်ကန်သောသွားတိုက်နည်း၊ ခံတွင်းကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စသည့်သိကောင်းစရာများကို အသိပညာပေးဆောင်ရွက်ခဲ့ကြပြီး (KG+Grade–1) ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရများကျွေးမွေးပေးခဲ့ကြကြောင်း သိရသည်။ (၄၁၀)

# ကျွဲကူးစံပြကျေးရွာ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder) ဖြင့် ကွင်းသရုပ်ပြပွဲကျင်းပ

မြိတ် ဇွန် ၃၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးစံပြကျေးရွာ ကုန်ထုတ်လမ်းဘေးရှိ တောင်သူ ဦးစိုးသန်းနှင့် ဦးမြင့်စိုးတို့၏ လယ်ယာမြေကွက်၌ ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder) ဖြင့် စိုက်ပျိုးကွင်းသရုပ်ပြပွဲကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကျွဲကူးစံပြကျေးရွာ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးကွင်းသရုပ်ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်လယ်သမားများက တိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder)ဖြင့်အသုံးပြု၍ မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းကို ကွင်းသရုပ်ပြစိုက်ပျိုးကြရာ အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၄၁၂)



## ပညာအစွမ်း အံ့မခန်း

○ မြတ်ပညာ မိတ်ဆွေစစ်
စိတ်တွေသစ် ဦးနှောက်ဉာဏ်။
ပညာကို ငယ်စဉ်အစ
သင်ကြချိန်မှန်။
လူ့ဘဝ တိုးတက်ရန်
အားမာန်တွေ စိုက်ထုတ်ရင်း။
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လှမ်းလျှောက်နိုင်ခြင်း။

○ ပညာဉာဏ် ရောင်အလင်း
အမှောင်ခွင်း ဤလူ့ဘောင်။
နည်းမှန်ကို လမ်းညွှန်ပြ
ဘဝရှေ့ဆောင်။
လမ်းမှားသို့ မရောက်အောင်
ပညာအရောင် လမ်းပြ။
လောကအလယ် ရဲရင့်
ပွဲတင့်လွန်းလှ။

○ ပညာသည် လူ့ဘဝ
တုပလျက် ထာဝစဉ်။
မြတ်နိုးစွာ တန်ဖိုးထား
လေးစားချစ်ခင်။
လူ့တန်ဖိုး ဂုဏ်မြင့်တင်
အမှန်မြင် ရာသက်လုံး။
ပညာဟူ ရတနာအစစ်
ထုဆစ်ကာ ဖွဲ့အားမာန်နှင့်
လောကဓံ ဘယ်မမှု
အန်တုရှင်ပြုံး။ ။

စျာန်လေး(ပညာရေး)

## MWD Education, Knowledge & Sports Channel

၁-၇-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀ မှ ၀၈:၄၀ Grade–5 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး

၂။ ၁၅:၃၀ မှ ၁၅:၅၈ Grade–5 သိပ္ပံ

၃။ ၁၅:၅၈ မှ ၁၉:၀၀ Grade–8 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) သင်္ချာ(၂)

၄။ ၁၉:၀၀ မှ ၂၀:၂၀ Grade–8 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ဧက ၃၉၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ငဖဲ ဇွန် ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမိုးနှမ်းနှင့်အတူ ပဲတီစိမ်းများစိုက်ပျိုးထားရာ လက်ရှိတွင် ပဲတီစိမ်း ဧက ၃၉၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်ရှိ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း- ၁၁ နှင့် ရေဆင်း-၁၄ မျိုးများကို ရွေးချယ်စိုက်ပျိုးရာတွင် ထယ်ကြောင်းဆွဲကာ မျိုးစေ့ကို မြေကြီးအတွင်း အနက် ၁ လက်မမှ ၁ ဒသမ ၅ လက်မအတွင်းချပြီး ပင်ကြား ၄ လက်မ တန်းကြား ၁၈ လက်မကြား စိုက်ပျိုးကြသည်။

ငဖဲမြို့နယ်၌ ပဲတီစိမ်းကို ၇၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လဆန်းပိုင်းမှ စတင်စိုက်ပျိုးရာ လက်ရှိအချိန်ထိ ၃၉၄ ဧကစိုက်ပျိုးပြီးစီးကာ လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် ပဲတီစိမ်းကို ပြီးခဲ့သည့်နှစ်က ၇၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၁၀ ဒသမ ၃၇ တင်းနှုန်းခန့် ထွက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်အတွင်း စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် မြေပြုပြင်ခြင်းနှင့်ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းရေး၊ အပင်ကြီးထွားရေးနှင့် အသီးအပွင့်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းခူးဆွတ်နည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)




# လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းစေရေး လူငယ်စကားဝိုင်းဆွေးနွေး

မန္တလေး ဇွန် ၃၀

အနာဂတ်ကာလတွင် မျိုးဆက်သစ်လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ လူငယ်ရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းစေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမဆောင်၌ ဇွန်လ ၃၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသိင်္ဂီကျော်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်ရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးကဆောင်ရွက်ပြီး မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများဖြစ်သော မထက်ဝေလွင်က လူငယ်နှင့်ကျန်းမာရေး၊ မောင်ဟိန်းထက်နိုင်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ မပန်းအိခိုင်က လူငယ်နှင့်နည်းပညာ၊ မောင်နေတိုးအောင်က လူငယ်နှင့်စာဖတ်ခြင်းနှင့်မပန်းရနံ့စံက သင်ယူမှု၊ သင်ယူခွင့်ဖန်တီးပေးရေးခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

အခမ်းအနားသို့ လူငယ်ရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်၊ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသိင်္ဂီကျော်၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့်တာဝန်ရှိသူများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့မောင်၊ (၄၀၂)**

# စာဖတ်ရှိန်မြင့်မားလာစေရေး ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များငှားရမ်းပေး

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားရရှိပြီး စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဇွန်လ ၂၉ ရက်က မြို့နယ်သစ်တောဦးစီးဌာနရုံးရှိ ဝန်ထမ်းများနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး သုတ၊ ရသစာအုပ်စာစောင်များငှားရမ်းပေးသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေး စာဖတ်သူအကြိုက်စာအုပ်စာစောင်များကို သွားရောက်ငှားရမ်းပေးသည့်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုရာတွင် အဆင်ပြေလျက်ရှိသည်။

ထို့ပြင် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ပေါ်၌ အသိပညာဗဟုသုတများရရှိစေမည့် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ ယခင်ငှားရမ်းပေးခဲ့သော စာအုပ်များကိုလက်ခံရယူပြီး ပြန်လည်ငှားရမ်းပေးရာ ရက်သတ္တနှစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များ ဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလင်းကျော်(ပြန်/ဆက်)**

# ရွှေဂုံ-ရွှေမြိုင်ပေါင်းကူးဖို့...မြစ်သံလွင်ကိုဖြတ်ကျော်လို့...DEMU စီးကြစို့

ညီညီ(ရထား)

**နိုင်ငံတစ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ထိုနိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်ကဏ္ဍအသီးသီးနှင့် ဆက်စပ်နေသကဲ့သို့ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းသာယာဝပြောမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများအပါအဝင် ပြည်သူတစ်ဦးချင်း၏ စားဝတ်နေရေးတို့နှင့်ပါ ဆက်စပ်အကျိုးပြုလျက်ရှိနေသည်။**



ရထားပို့ဆောင်ရေးလုပ်ငန်းသည် ကုန်စည်ပမာဏများစွာကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် တစ်နေရာမှ တစ်နေရာသို့ လွှဲပြောင်းပို့ဆောင်ပေးခြင်းနှင့် ခရီးသည်များစွာကို တစုတဝေးတည်း တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်ပေးနိုင်စွမ်းရှိသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည်။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွင်းဒေသအသီးသီးကို လွှမ်းခြုံဆောင်ရွက်နိုင်ခြင်း၊ ခရီးဝေးပို့ဆောင်မှုများအတွက် ပို့ဆောင်ခသက်သာခြင်း၊ မော်တော်ယာဉ်ပို့ဆောင်ရေးထက် အချိန်ပိုမိုမြန်ဆန်ခြင်း၊ ကုန်စည်အများအပြားကို တစုတဝေးတည်းပို့ဆောင်နိုင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာခြင်း၊ နေရောင်ခြည်နှင့် ဖုန်မှုန့်များထိတွေ့မှုမှ သင့်လျော်သော အကာအကွယ်ကိုပေးနိုင်ခြင်း၊ ရထားမတော်တဆမှုဖြစ်ရန် အခွင့်အလမ်းအလွန်နည်းပါးပြီး အခြားသော ပို့ဆောင်မှုနည်းလမ်းများထက် ပိုမိုလုံခြုံမှုရှိသော သယ်ယူပို့ဆောင်ရေးနည်းလမ်းဖြစ်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပံ့ပိုးပေးနိုင်ခြင်း စသည့်အားသာချက်များစွာရှိသည်။

ရထားသည် ကားနှင့်နှိုင်းယှဉ်လျှင် တူညီသောကုန်စည်ပမာဏနှင့် အကွာအဝေးအတွက် လောင်စာဆီသုံးစွဲနှုန်း လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံသာရှိသဖြင့် လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျော့ပါးစေခြင်း၊ ခရီးသည်အမြောက်အမြားသယ်ယူပို့ဆောင်နိုင်သဖြင့် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်နေသောမြို့ကြီးများအတွက် မဖြစ်မနေအသုံးပြုသင့်သော ပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်ခြင်းတို့ကြောင့် နိုင်ငံအသီးသီးတွင် ရထားလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်နေစေရန် နည်းလမ်းအမျိုးမျိုးဖြင့် အထောက်အကူပြုလျက်ရှိနေကြပါကြောင်း တွေ့ရှိရသည်။

ရထားလုပ်ငန်းသည် ထိရောက်သော သယ်ယူပို့ဆောင်မှုစွမ်းရည်ပေးနိုင်ခြင်းကြောင့် နိုင်ငံ့စွမ်းအားတည်ဆောက်ရာတွင် မဟာဗျူဟာအရအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။ ယနေ့မျက်မှောက်ကာလတွင် စက်သုံးဆီအကျပ်အတည်းဖြစ်ပေါ်နေမှုကြောင့် နိုင်ငံ့သူ၊ နိုင်ငံသားများ၏ ပြည်တွင်းခရီးသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်သွက်လက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး စနစ်များအား တိုးချဲ့၍ ဈေးနှုန်းသက်သာစွာဖြင့် ပို့ဆောင်ပေးနိုင်ရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိနေသည်၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထား၊ ကားလမ်းများ၊ တံတားများနှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ပြုပြင်ခြင်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုထားသည်။

## ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံခြင်းဆောင်ရွက်မှု

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနက် အရှည် ၁၃၀ မိုင်ရှိသော ပဲခူး-မော်လမြိုင်အကြား ရထားလမ်းပိုင်းကို ၉ ချောင်းဆက် သံလမ်းလဲလှယ်ခြင်း၊ ကွန်ကရစ်ဇလီဖားများ ထပ်တိုးဖြည့်တင်းခြင်း၊ လမ်းခင်းကျောက်ဖြည့်တင်းခြင်းနှင့် စက်ကြီးများဖြင့် လမ်းမြောက်ပက်ကင်ရိုက်ခြင်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ပြီးစီးခဲ့သည်။ ခရီးအကွာအဝေး ၁၇၆ မိုင်ရှိသော ရန်ကုန်-မော်လမြိုင်ရထားခရီးစဉ်အား ယခင်ကအမြန်နှုန်း တစ်နာရီလျှင် ၄၈ ကီလိုမီတာနှုန်းဖြင့်သာ ပြေးဆွဲနိုင်ခဲ့ရာမှ လမ်းပိုင်းအဆင့်မြှင့်တင်မှုများကြောင့် တစ်နာရီလျှင် ၆၄ ကီလိုမီတာနှုန်းအထိ တိုးမြှင့်ပြေးဆွဲနိုင်ခဲ့ပြီး ခရီးစဉ်ကြာမြင့်ချိန်ကို လျှော့ချနိုင်ခဲ့သည်။

## ရန်ကုန်နှင့်မော်လမြိုင်အကြား ၆ နာရီသာကြာမြင့်

ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြေးဆွဲချိန်ထပ်မံလျှော့ချနိုင်ရန်အတွက် မြေသားတာပေါင်ကျဉ်းသောနေရာများအား မြေဖို့ခြင်း၊ လမ်းခင်းကျောက်များအား တစ်မိုင်လျှင် ၅၀၀ ကျင်းနှုန်း ပြည့်မီအောင် ထပ်တိုးဖြည့်တင်းခြင်းနှင့် လမ်းမြောက်ပက်ကင်ရိုက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ထပ်မံဆောင်ရွက်ခဲ့သည်။ လမ်းပိုင်းတစ်ခုလုံး အဆင့်မြှင့်တင်မွမ်းမံမှုရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ရထားအမြန်နှုန်းအား တစ်နာရီလျှင်အများဆုံး ၇၅ ကီလိုမီတာနှုန်းဖြင့် ပြေးဆွဲပေးနိုင်ခြင်းကြောင့် ရန်ကုန်-မော်လမြိုင်ရထားခရီးစဉ်အား ယခင်က ၈ နာရီ ၃၀ မိနစ်ကြာမြင့်ခဲ့ရာမှ ယခုအခါ ရထားခုတ်မောင်းချိန် ၆ နာရီခန့်သာ ကြာမြင့်တော့မည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများကိုအသုံးပြု၍ ပြေးဆွဲပေးခဲ့ရာ ခရီးသွားပြည်သူများလွန်စွာနှစ်သက်ကြပြီး ခရီးသည်စီးနင်းမှုများပြားခဲ့သည်။ ယခုလည်း ရထားလမ်းအဆင့်မြှင့်တင်မွမ်းမံခြင်းဆောင်ရွက်ပြီးစီးခဲ့သော ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းတွင်လည်း ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်မှစတင်၍ အဆိုပါလေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများကိုအသုံးပြုပြီး ဝန်ဆောင်မှုတိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်သည်။

## ရန်ကုန်-မော်လမြိုင်-ရန်ကုန် DEMU ရထားခရီးစဉ်

ထပ်မံတိုးချဲ့ပြေးဆွဲမည့် အမှတ်(၈၃)အဆန် ရန်ကုန်-မော်လမြိုင်ခရီးစဉ် DEMU ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၅ နာရီတွင် စတင်ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိသည်။ ထို့အတူ မော်လမြိုင်မှ မွန်းတည့် ၁၂ နာရီအချိန်တွင် အမှတ်(၈၄)အစုန် မော်လမြိုင် - ရန်ကုန်ခရီးစဉ် DEMU ရထားအဖြစ် ပြန်လည်ထွက်ခွာပြီး ရန်ကုန်မြို့သို့ ညနေ ၆ နာရီအချိန်တွင် ပြန်လည်ရောက်ရှိသည်။ ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ၊ ပေါင်ဘူတာတို့တွင် ရပ်တန့်ပေးသွားမည်ဖြစ်ပြီး ခရီးစဉ်အစမှအဆုံးထိ ပြေးဆွဲချိန် ၆ နာရီသာကြာမြင့်မည်ဖြစ်သည်။ အဆိုပါ DEMU ရထားတွဲဆိုင်း တစ်ဆိုင်းတွင် အထက်တန်း(၂)တွဲ၊ ပထမတန်း (၄)တွဲပါရှိပြီး အထက်တန်းထိုင်ခုံ(၆၆)ခုံနှင့် ပထမတန်းထိုင်ခုံ(၂၂၄)ခုံ စုစုပေါင်းခရီးသည်(၂၉၀)ဦး စီးနင်းလိုက်ပါနိုင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစမှအဆုံးထိ အထက်တန်း ၂၂၀၀၀ ကျပ်နှင့် ပထမတန်း ၁၆၀၀၀ ကျပ် သတ်မှတ်ထားရှိသည်။

ရန်ကုန်-မော်လမြိုင်ရထားခရီးစဉ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မှစတင်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့ကိုဖြတ်သန်းကာ မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့နှင့် ဆက်သွယ်ပို့ဆောင်ပေးခြင်းဖြစ်သည်။ လမ်းခရီးအတွင်းလမ်းဆုံဖြစ်သော ပဲခူးမြို့မှတစ်ဆင့် အထက်မြန်မာပြည်သို့ ခရီးဆက်လက်ထွက်ခွာနိုင်သကဲ့သို့ သထုံမှကရင်ပြည်နယ်အတွင်းသို့လည်း ဝင်ရောက်သွားလာနိုင်သည်။ မော်လမြိုင်သို့ ဆိုက်ရောက်ပြီးပါကလည်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးသို့လည်းခရီးဆက်နိုင်သည်။ သို့ဖြစ်ရာ ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး(၅)ခုတွင် မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားလူမျိုးများအားလုံးတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍကို အထောက်အကူပြုနေသည့် ရထားလမ်းပိုင်းတစ်ခုဖြစ်သည်။

## ခရီးသွားအဆင်ပြေမှုနှင့် ဘုရားဖူးခရီးစဉ်

DEMU ရထားတွဲဆိုင်းတစ်ခုလုံးတွင် လေအေးပေးစက်စနစ် တပ်ဆင်ထားခြင်းဖြစ်ပါ၍ ရထားတွဲအတွင်း အပူအအေးမျှတမှုရှိသဖြင့် လမ်းခရီးပင်ပန်းနွမ်းနယ်မှုမရှိတော့ဘဲ သက်သောင့်သက်သာရှိစွာ စီးနင်းလိုက်ပါနိုင်သည်။ ယခုရန်ကုန်-မော်လမြိုင်အကြား ခေတ်မီ DEMU ရထားတွဲဆိုင်းအသုံးပြု ပြေးဆွဲပေးခြင်းဖြင့် မြန်မာနိုင်ငံဒေသအသီးသီးမှ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက် အပန်းဖြေခရီး သွားကြမည့်သူများနှင့် ဘုရားဖူးခရီး သွားရောက်လိုသူများအတွက် များစွာအဆင်ပြေနိုင်မည်လည်းဖြစ်သည်။ ရထားလမ်းခရီးတစ်လျှောက် ကျိုက်ထိုမြို့ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၊ သထုံမြို့ရှိ ရွှေစာရံစေတီတော်၊ မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော် စသည်တို့ကို စိတ်လက်အေးချမ်းစွာ သွားရောက်ဖူးမြော်နိုင်သကဲ့သို့ သံဖြူဇရပ်မြို့ရှိ ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေ၊ ထားဝယ်မြို့သို့ခရီးဆက်၍လည်း ဘုရားစုံဖူးခြင်းနှင့် မောင်းမကန်ကမ်းခြေသို့ အဆင်ပြေချောမွေ့စွာ သွားရောက်အပန်းဖြေအနားယူနိုင်မည်ဖြစ်သည်။

## ORTP စနစ်အသုံးပြု၍ ရထားလက်မှတ်ဝယ်ယူနိုင်

ယခုပြေးဆွဲမည့် အမှတ်(၈၃)အဆန်/အမှတ်(၈၄)အစုန် DEMU အမြန်ရထားများအပြင် လက်ရှိပြေးဆွဲလျက်ရှိသော အမှတ်(၈၁)အဆန်/အမှတ်(၈၂)အစုန် လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို Online Railways Ticketing and Payment System(ORTP)စနစ်ဖြင့် အွန်လိုင်းမှဝင်ရောက်၍ အလွယ်တကူဝယ်ယူနိုင်သည်။ ခရီးစဉ်အစမှအဆုံးအတွက် ခုနစ်ရက်ကြိုတင်၍လည်းကောင်း၊ ကြားဘူတာများအတွက် ငါးရက်ကြိုတင်၍လည်းကောင်း လွယ်ကူစွာဝယ်ယူနိုင်ရန် စီစဉ်ပေးထားသည်။

ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားခရီးစဉ်အား ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်ဖြင့် စီးနင်းလိုက်ပါ၍ ခရီးသွားရောက်ရခြင်းသည် သာမန်ခရီးတစ်ခုထက် ပိုမိုထူးခြားနိုင်သည်။ ဤရထားခရီးစဉ်သည် ခရီးသွားချိန်ကိုသာ တိုတောင်းစေရုံမကဘဲ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား လူမှုစီးပွား ဆက်သွယ်မှုအသက်ဝင်လာသောခရီးသွားရသ၊ ဘုရားဖူးကုသိုလ်နှင့် ဒေသန္တရဗဟုသုတ အတွေ့အကြုံများကိုပါ ပိုမိုနီးကပ်စေမည့် ချိတ်ဆက်မှုအသစ်တစ်ခုကို သယ်ဆောင်လာသည့် ရထားခရီးစဉ်သစ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမည်လည်းဖြစ်သည်။ လမ်းခရီးတစ်လျှောက် သဘာဝအလှအပများကို ငေးမောရင်း သက်သောင့်သက်သာရှိစွာဖြင့် စိတ်အေးလက်အေး သွားလာနိုင်သည့်အပြင် ကုန်ကျစရိတ်လည်း သက်သာစေခြင်းကြောင့် အားလပ်ရက်ဘုရားဖူးခရီးစဉ်အဖြစ် ရန်ကုန်-မော်လမြိုင် DEMU ရထားခရီးစဉ်ကိုရွေးချယ်ပြီး သံလွင်မြစ်ကြီး၏ လှပသောရှုခင်းများကိုခံစားကာ အမှတ်တရကောင်းများ စတင်ဖန်တီးကြစေလိုပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၁)

**မင်းခန့်**

**လေးစားအပ်ပါသော ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ခင်ဗျား**

အဆွေတော်ထံသို့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုမှ သာမန်ပြည်သူတစ်ဦးအနေနဲ့ ဒီအိတ်ဖွင့်ပေးစာကို ရေးသားပေးပို့လိုက်ပါတယ်။ သာမန်ပြည်သူတစ်ဦးအနေနဲ့ ကိုယ့်နိုင်ငံအပေါ် တရားမျှတမှုမရှိစွာ ဖိနှိပ်ခံနေရတာကိုမခံချင်လို့ ဒီစာကို ရေးရခြင်းဖြစ်လို့ စကားလုံးအသုံးအနှုန်းတွေမှာ သံတမန်မဆန်ဘဲ ပုဂ္ဂိုလ်ရေးခံစားချက်များပါနိုင်ကြောင်း ကြိုတင်မေတ္တာရပ်ခံလိုပါတယ်။

အဆွေတော်ကို တင်ပြလိုတဲ့အကြောင်းအရာကတော့ ကျွန်တော်တို့နိုင်ငံအတွက် အဆွေတော်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်မစ္စဂျူလီဘစ်ရှော့ပ် (Ms. Julie Bishop) ရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မျှတမှုမရှိဘဲ တစ်ဖက်သတ်ဆန်ဆန် အဆိုးမြင်(Narrative)ပြောကြားချက်များကို တုံ့ပြန်တင်ပြသွားမှာဖြစ်ပါတယ်။

> ➲ **ဆိုက်ဘာရာဇဝတ်မှုနဲ့ဆက်နွှယ်တဲ့ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ မူးယစ်ဆေးနဲ့ လက်နက်မှောင်ခိုမှုတွေကို လည်း မြန်မာနိုင်ငံအတွင်းမှာသာမက ဒေသတွင်းမရောက်ရှိစေရေး တာဝန်သိမှုနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေကာ မစ္စဂျူလီဘစ်ရှော့ပ် အလွယ်တကူမြင်တွေ့ကြားသိနိုင်ပါတယ်။**

မစ္စဂျူလီဘစ်ရှော့ပ်ဟာ အဆွေတော်ခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ် တာဝန်စယူချိန်ကစပြီး ယနေ့အချိန်အထိ မြန်မာနိုင်ငံအစိုးရအဆက်ဆက်နဲ့ မြန်မာပြည်သူလူထုအပေါ် သဘောထားမမှန်ဘဲ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိစေရေးအတွက် အစိုးရဆန့်ကျင်ရေးအုပ်စုတွေရဲ့ လှုံ့ဆော်မှုတွေကိုပဲ တစိုက်မတ်မတ်ပြောဆိုနေတာကို ကြားသိနေရပါတယ်။ အထူးသဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ အလွတ်သဘောအစည်းအဝေးမှာ မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ ပြောကြားချက်တွေဟာ လက်ရှိမြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှု ပကတိအရှိတရားနဲ့ကင်းကွာပြီး အနုတ်သဘောဆောင်တဲ့ ပုံရိပ်တွေကိုသာအထူးပြုပြောကြားသွားတာ စိတ်မကောင်းစရာကြားသိရပါတယ်။ သူပြောကြားတဲ့အကြောင်းအရာတွေဟာ မှန်ကန်မှုမရှိလို့ ပြည်သူအများစုက သူ့ရဲ့လုပ်ဆောင်ချက်တွေကို အထင်အမြင်သေးလျက်ရှိပါတယ်။

အမှန်စင်စစ် ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရာထူးဟာ သံတမန်ရေးဆိုင်ရာတာဝန်ဖြစ်ပြီး မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုတွေ၊ လုံခြုံရေးဆိုင်ရာပဋိပက္ခတွေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေအတွက် သက်ဆိုင်ရာ Stakeholders တွေအကြား ဘက်မလိုက်မှု၊ ကြားနေမှုနဲ့ သံတမန်ဆန်ဆန်စေ့စပ်ညှိနှိုင်း အဖြေရှာပေါင်းစပ်ပေးရမယ်လို့ နားလည်ယုံကြည်ပါတယ်။

လက်ရှိမြန်မာအစိုးရအနေနဲ့လည်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ လုပ်ငန်းတာဝန်အရ အပြုသဘောဆောင်ပြီး ပွင့်လင်းမြင်သာတဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေကို အမြဲတမ်းလက်ကမ်းကြိုဆိုပြီး ပူးပေါင်းဆောင်ရွက်နေတာ ကျွန်တော်တို့လို သာမန်ပြည်သူတွေ မြင်တွေ့ကြားသိနေရပါတယ်။

မစ္စဂျူလီဘစ်ရှော့ပ် မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ခရီးစဉ်တိုင်းမှာ အစိုးရအနေနဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပြသလိုတဲ့အတွက် စိတ်အားတက်ကြွစွာနဲ့ အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးခဲ့သလို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သုံးကြိမ်တိတိ တွေ့ဆုံခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ရှင်းနှီးပွင့်လင်းစွာ မြန်မာနိုင်ငံရဲ့ ဘက်စုံဖြစ်ပေါ်တိုးတက်မှုများကို အထောက်အထား အချက်အလက်တွေနဲ့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့ မစ္စဂျူလီဘစ်ရှော့ပ်တို့ တွေ့ဆုံတဲ့သတင်းတွေ မြင်တွေ့ကြားသိရတိုင်း ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ကျွန်တော့်နိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် ကုလသမဂ္ဂရဲ့ ကူညီဆောင်ရွက်ပေးနေမှုများကို ကျေးဇူးတင်ရှိပြီး စိတ်အားတက်ကြွနေကြပါတယ်။

**ဒါပေမဲ့ မြန်မာနိုင်ငံကနေ ပြန်သွားပြီးတိုင်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ ပြောကြားချက်တွေ၊ ထုတ်ပြန်ချက်တွေ၊ လုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘောမဆောင်ဘဲ အမြဲတမ်းအဆိုးမြင်သဘောနဲ့ ပိုမိုရှုပ်ထွေးပြီး ပြဿနာပိုကြီးထွားရန် လှုံ့ဆော်မှုတွေသာဖြစ်နေတာကို ဝမ်းနည်းဖွယ်ရာမြင်တွေ့ကြားသိနေရပါတယ်။**

**အဆွေတော်အတွင်းရေးမှူးချုပ်ကြီးအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာတာဝန်တွေပေးထားသလဲ တိတိကျကျမသိရှိပေမယ့် သူ့ရဲ့လုပ်ဆောင်ချက်တွေ၊ ပြောဆိုချက်တွေဟာ မြန်မာပြည်သူတွေရဲ့ လိုလားချက်နဲ့ လုံးဝကွဲလွဲနေပြီး မြန်မာနိုင်ငံအတွက် ကောင်းကျိုးမပေးတဲ့ သံတမန်တစ်ဦး (Unpleasant Diplomat) အဖြစ်သာ မြင်တွေ့ခံစားနေရပါတယ်။**

ဒီအချက်ကို ပိုမိုထင်ရှားစေတာကတော့ ဇွန်လ ၁၉ ရက်နေ့က အလွတ်သဘော အစည်းအဝေးမှာ သူ့ရဲ့ တစ်ဖက်သတ် အဆိုးမြင်သဘောထားနဲ့ ခိုင်မာမှုမရှိတဲ့ အချက်အလက်တွေအပေါ် အခြေခံပြီး အထူးကိုယ်စားလှယ်အဖြစ် သံတမန်မပီသစွာ တည်ဆဲအစိုးရကို ဝေဖန်ပုတ်ခတ်စွပ်စွဲပြောဆိုမှုတွေဖြစ်ပါတယ်။

မြန်မာနိုင်ငံကိုရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေရဲ့ ကျိုးကြောင်းဆီလျော်စွာ ရှင်းလင်းပြောကြားချက်တွေကို လုံးဝလျစ်လျူရှုခဲ့ပြီး လက်ရှိတည်ဆဲအစိုးရကိုဆန့်ကျင်နေတဲ့ နိုင်ငံတချို့နဲ့ လူပုဂ္ဂိုလ်တွေရဲ့အခြေအမြစ်မရှိ လူမှုကွန်ရက်ပေါ်မှ သတင်းအမှားတွေကိုကောက်ချက်ဆွဲပြီး လက်ရှိရွေးကောက်ခံအစိုးရကို နိုင်ငံရေးအရ ဖိအားပေးလိုတဲ့သဘောနဲ့ တစ်ဖက်သတ်ပြောဆိုချက်တွေသာဖြစ်ပါတယ်။

သူ့ရဲ့သံတမန်မဆန်တဲ့ပြောကြားချက်တွေဟာ မြန်မာအစိုးရက ကုလသမဂ္ဂကိုပံ့ပိုးပူးပေါင်းဆောင်ရွက်နေမှုတွေအပေါ် မျက်ကွယ်ပြုပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းထက် ပဋိပက္ခအခြေအနေတွေ ပိုမိုရှုပ်ထွေးနိုင်သလို မြန်မာနိုင်ငံရဲ့ပုံရိပ်ကို များစွာထိခိုက်နေစေပါတယ်။ သူ့ရဲ့ တစ်ဖက်သတ်ပြောဆိုချက်တွေကိုကြားသိရတဲ့ မြန်မာပြည်သူတွေအနေနဲ့လည်း စိတ်နှလုံးညှိုးနွမ်းပြီး သူ့ရဲ့လုပ်ဆောင်ချက်တွေကို အယုံအကြည်ကင်းမဲ့စေပါတယ်။

သူ့ရဲ့ပြောကြားချက်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပြတ်သားစွာငြင်းပယ်လိုက်ပြီး ပယ်ချထားကြောင်း သိရှိရပါတယ်။ ဒီလိုငြင်းပယ်ရတဲ့ အကြောင်းရင်းကိုထပ်မံရှင်းပြရရင် **ခွဲခြားမှုမရှိဘဲ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်နေကြောင်း စွပ်စွဲချက်တွေဟာ** မြေပြင်မှာအကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေကို တိုက်ပွဲဝင်စည်းမျဉ်းများ (Rules of Engagement – ROE) နဲ့အညီ တိကျစွာလိုက်နာဆောင်ရွက်နေမှုအပေါ် အဟန့်အတားဖြစ်စေပါတယ်။ People Defence Forces (PDF) အမည်ခံအကြမ်းဖက်သမားတွေနဲ့ အချို့သော EAO အဖွဲ့တွေရဲ့ ရက်စက်ကြမ်းကြုတ်မှု၊ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုဖျက်ဆီးနေမှုတွေကို မျက်ကွယ်ပြုပြီး အကြမ်းဖက်သမားတွေရဲ့ ဝါဒဖြန့်ချိမှုတွေကို ထပ်လောင်းဝါဒဖြန့်ပေးနေတဲ့ သဘောသက်ရောက်နေပါတယ်။

> ➲ **မြန်မာနိုင်ငံကနေပြန်သွားပြီးတိုင်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ပြောကြားချက်တွေ၊ ထုတ်ပြန်ချက်တွေ၊ လုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘောမဆောင်ဘဲ အမြဲတမ်းအဆိုးမြင်သဘောနဲ့ ပိုမိုရှုပ်ထွေးပြီး ပြဿနာပိုကြီးထွားရန် လှုံ့ဆော်မှုတွေသာဖြစ်နေတာကို ဝမ်းနည်းဖွယ်ရာမြင်တွေ့ကြားသိနေရပါတယ်။**
>
> ➲ **အဆွေတော်အတွင်းရေးမှူးချုပ်ကြီးအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာတာဝန်တွေပေးထားသလဲ တိတိကျကျမသိရှိပေမယ့် သူ့ရဲ့ လုပ်ဆောင်ချက်တွေ၊ ပြောဆိုချက်တွေဟာ မြန်မာပြည်သူတွေရဲ့ လိုလားချက်နဲ့လုံးဝကွဲလွဲနေပြီး မြန်မာနိုင်ငံအတွက် ကောင်းကျိုးမပေးတဲ့ သံတမန်တစ်ဦး (Unpleasant Diplomat) အဖြစ်သာမြင်တွေ့ခံစားနေရပါတယ်။**

**ပဋိပက္ခနှင့်ဆက်နွှယ်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးအဖွဲ့များ၏ စွပ်စွဲချက်များနှင့်ပတ်သက်ပြီး** မြန်မာနိုင်ငံအစိုးရက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနဲ့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကာကွယ်တားဆီးရေးအတွက် နိုင်ငံတကာစံနှုန်းတွေကို လိုက်နာဖို့ ကတိကဝတ်ပြုထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံအားလုံးကို အစဉ်အလာအရ လက်မခံဘဲ ဆန့်ကျင်ပါတယ်။ ဒါ့အပြင် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေဟာ လုံးဝခွင့်မလွှတ်တဲ့မူဝါဒ (Zero-tolerance policy) ကိုကျင့်သုံးပြီး ကျူးလွန်သူအားလုံးကို တည်ဆဲဥပဒေအရ အရေးယူအပြစ်ပေးလျက်ရှိနေပါတယ်။

ပြစ်မှုကျူးလွန်သူတွေကို အရေးယူနိုင်ဖို့ အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားဖြစ်တဲ့ ၂၄ နာရီ အကူအညီပေးရေးလိုင်း (Helpline – 1566) ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇–၂၀၂၄ ခုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခနဲ့မသက်ဆိုင်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်ပေါင်း ၂၃၀၀ ကျော်ကို တိုင်ကြားစုံစမ်းစစ်ဆေးပြီး တရားစွဲဆိုအရေးယူနိုင်ခဲ့ပါတယ်။

**နေရပ်စွန့်ခွာသူများနှင့် စားနပ်ရိက္ခာမလုံလောက်မှုဆိုင်ရာစွပ်စွဲချက်များဟာ မြေပြင်ပကတိ အရှိတရားနဲ့ များစွာကွဲလွဲနေပါတယ်။** ကုလသမဂ္ဂက ထုတ်ပြန်တဲ့ နေရပ်စွန့်ခွာသူ (IDP) စာရင်းဟာ ဖောင်းပွနေပြီး မြေပြင်အခြေအနေနဲ့ ကွဲလွဲနေပါတယ်။ မြန်မာနိုင်ငံရှိ နေရပ်စွန့်ခွာမှုတွေဟာ ယာယီသဘောသာဖြစ်ပြီး အခြေအနေပေးတာနဲ့ မိမိတို့အရပ်ဒေသသို့ ပြန်လည်အခြေချလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ စားနပ်ရိက္ခာဖူလုံမှုကို ထိန်းသိမ်းထားနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေတဲ့အတွက် စားနပ်ရိက္ခာမလုံလောက်မှု စွပ်စွဲချက်ဟာ အခြေအမြစ်မရှိဘူးဆိုတာ မြန်မာပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်ကြပါတယ်။

**သူ့ရဲ့စွပ်စွဲပြောဆိုချက်တွေထဲက အဆိုးဝါးဆုံးပြောဆိုချက်ကတော့ မြန်မာနိုင်ငံကို “ဆိုက်ဘာရာဇဝတ်မှု၏ ကမ္ဘာလုံးဆိုင်ရာဗဟိုချက်” ဆိုပြီး ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ မဆင်မခြင် ပရမ်းပတာ စွပ်စွဲပြောဆိုချက်အဖြစ် မြန်မာပြည်သူများက သတ်မှတ်ပါတယ်။**

**စာမျက်နှာ ၁၃ သို့ ■**

■ စာမျက်နှာ ၁၂ မှအဆက်

**မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ဆိုက်ဘာရာဇဝတ်မှုခင်းတွေကို ဘယ်သူတွေက ဦးစီးလုပ်ဆောင်နေသလဲ၊ ဘယ်လိုနေရာတွေမှာ အဓိကဖြစ်ပေါ်နေသလဲ၊ မြန်မာအစိုးရအနေနဲ့ ဘယ်လောက်ထိ အလေးထားပြီး ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက်နှိမ်နင်းနေသလဲဆိုတာ နေ့စဉ်ထုတ်ပြန်နေတဲ့သတင်းတွေအရ ရှင်းလင်းပြတ်သားစွာမြင်တွေ့ရမှာဖြစ်ပါတယ်။**

**ဆိုက်ဘာရာဇဝတ်မှုနဲ့ဆက်နွှယ်တဲ့ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနဲ့ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးနဲ့ လက်နက်မှောင်ခိုမှုတွေကိုလည်း မြန်မာနိုင်ငံအတွင်းမှာသာမက ဒေသတွင်းမရောက်ရှိစေရေး တာဝန်သိမှုနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေကာ မစ္စဂျူလီဘစ်ရှော့ပ် အလွယ်တကူမြင်တွေ့ကြားသိနိုင်ပါတယ်။** ဘယ်လိုရည်ရွယ်ချက်နဲ့ပုံကြီးချဲ့ပြီး နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ ဆိုက်ဘာရာဇဝတ်မှုတွေကို မြန်မာနိုင်ငံမှာ ဗဟိုချက်ဆိုပြီး စွပ်စွဲပြောဆိုမှုကို နားမလည်နိုင်အောင်ဖြစ်နေရပါတယ်။ ဒီပြဿနာကို ဘယ်လိုပူးပေါင်းဖြေရှင်းသင့်ကြောင်း အဖြေမထုတ်ပေးဘဲ အွန်လိုင်းလိမ်လည်မှုလုပ်ဆောင်နေတဲ့ ရာဇဝတ်သားတွေရဲ့ ကြားခံနယ်မြေ (Proxy)အဖြစ် အသုံးချခံနေရတဲ့ မြန်မာနိုင်ငံကို အပြစ်ပုံချနေတာကတော့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရဲ့ မရိုးသားမှုလို့ဆိုရပါလိမ့်မယ်။ နောက်တစ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့တဲ့ အချက်ဖြစ်ပါတယ်။ ဒီနေရာမှာ ရှင်းရှင်းလင်းလင်း အသိပေးလိုတဲ့ သတင်းစကားကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးသမားဖြစ်ပေမယ့် သူပြစ်ဒဏ်ကျခံနေရခြင်းဟာ နိုင်ငံရေးလုပ်လို့ မဟုတ်ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ငြင်းလို့မရတဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲမသမာမှုကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့မှု၊ လက်ပူးလက်ကြပ်ဖော်ထုတ်ရရှိတဲ့ အဂတိလိုက်စားမှုနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ပြီး မှားယွင်းတဲ့ စီမံခန့်ခွဲမှုများကြောင့် တည်ဆဲဥပဒေနဲ့အညီ တရားရင်ဆိုင်ခဲ့ပြီး တရားရုံးရဲ့ ဆုံးဖြတ်ချက်အရ ပြစ်ဒဏ်ကျခံနေရခြင်းသာဖြစ်ပါတယ်။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိစေရဆိုတဲ့ ဥပဒေရဲ့ စီရင်ချက်အတိုင်း ပြစ်ဒဏ်ကျခံနေရတဲ့သူ တရားခံတစ်ဦးပဲဖြစ်ပါတယ်။ အသက်အရွယ်ကို စာနာထောက်ထားပြီး နိုင်ငံတော်ရဲ့ စေတနာ၊ မေတ္တာအရ အတတ်နိုင်ဆုံးလိုက်လျောပြီး သူကျခံနေရတဲ့ ထောင်ဒဏ်ကို နေအိမ်အကျယ်ချုပ်ပြောင်းလဲပေးပြီး လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ပေးထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ စွပ်စွဲပြောကြားချက်တွေဟာ အချက်အလက်တွေအရလွဲမှားခြင်း၊ ပကတိမြေပြင်အခြေအနေအမှန်တွေနဲ့ကင်းကွာခြင်း၊ အဆိုးမြင်သဘောနဲ့ အနုတ်သဘောဆောင်ပြောကြားခြင်းတွေသာဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကြီး သိရှိနိုင်ဖို့ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျင့်စရိုက်နဲ့ပတ်သက်ပြီး ကြားသိရတဲ့သတင်းတွေအရ မစ္စဂျူလီဘစ်ရှော့ပ်ဟာ လုပ်ဖော်ကိုင်ဖက်တွေအပေါ် အနိုင်ကျင့်စော်ကားခဲ့တဲ့ သမိုင်းကြောင်းရှိကြောင်းနဲ့ ဂျူလီဘစ်ရှော့ပ် ဩစတြေးလျအမျိုးသားတက္ကသိုလ် (Australia National University –ANU)မှာ တာဝန်ထမ်းဆောင်စဉ်က သူနဲ့ သူ့ရဲ့အဖွဲ့သားတွေရဲ့ စိတ်ခံစားပိုင်းဆိုင်ရာ ပြင်းထန်စွာအနိုင်ကျင့်မှု (Bullying) ဒဏ်ကြောင့် ဒေါက်တာ လစ်ဇ်အယ်လန် (Dr. Liz Allen) က ရင်သွေးလေး ဆုံးရှုံးခဲ့ရတဲ့အပြင် စိတ်ဒဏ်ရာတွေရရှိပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့အထိ ဆိုးရွားစွာခံစားခဲ့ရကြောင်း၊ အဲဒီလိုပုဂ္ဂိုလ်တစ်ဦးကို အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းမှာ ကုလသမဂ္ဂရဲ့ မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဝေဖန်မှုတွေ ထွက်ပေါ်နေတာကို ကြားသိရပါတယ်။

လူမှုရေးဆိုင်ရာ အားနည်းချက်ရှိနေတဲ့ လူတစ်ယောက်ကို မြန်မာနိုင်ငံအတွက် အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခြင်းဟာ မြန်မာနိုင်ငံအတွက် အဆိုးဖြစ်စေနိုင်သလား၊ အကောင်းဘက်ကို ဦးတည်နိုင်သလားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။ ကိုယ်တိုင်က အနိုင်ကျင့်တတ်တဲ့ စရိုက်ရှိသူတစ်ဦးအနေနဲ့ မြန်မာ့ပဋိပက္ခတွေကို ဖြေရှင်းရာမှာ စိတ်ရင်းမှန်နဲ့ ဆောင်ရွက်နိုင်ပါ့မလားဆိုတဲ့ သံသယမှာ ခိုင်လုံတဲ့အချက်ဖြစ်ပါတယ်။

ဂျူလီဘစ်ရှော့ပ်လုပ်ဆောင်ချက်တွေဟာ မြန်မာ့အရေးကို အမှန်တကယ်ဖြေရှင်းပေးဖို့ထက် "စီးပွားရေးဆန်ဆန်ကစားကွက်များ" (Business-like tactics)အဖြစ် အသုံးချခံရမှာကို စိုးရိမ်ရပါတယ်။ သူက ပဋိပက္ခကိုပြေငြိမ်းစေမယ့်အစား "သံတမန်ရေးရာစကားလုံးအလှများ" (Diplomatic doublespeak)ကို အသုံးချကာ အမှန်တရားကိုဖုံးကွယ်ပြီး ပဋိပက္ခကို ပိုမိုဆိုးရွားလာစေမယ့် "မီးထိုးပေးခြင်း" မျိုးကို မလုပ်ဆောင်မိစေဖို့အသိပေးလိုပါတယ်။ အထူးသဖြင့် လူသားချင်းစာနာမှုထက် နိုင်ငံတကာက ရရှိလာမယ့် စီးပွားရေးအကျိုးအမြတ်နဲ့ ပုဂ္ဂိုလ်ရေးထင်ပေါ်ကျော်ကြားမှုကိုသာ ဦးစားပေးပြီး မြန်မာပြည်သူတို့ရဲ့ တရားမျှတမှုကိုမျက်ကွယ်မပြုမိစေရေးသတိပြုဖို့လည်း တိုက်တွန်းလိုပါတယ်။

ကုလသမဂ္ဂလို ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုက ဒီလိုကိုယ်ကျင့်တရားဆိုင်ရာ စွပ်စွဲချက် အထောက်အထားတွေရှိနေသူကို ဘာကြောင့်ရွေးချယ်ခဲ့ပါသလဲ။ ကုလသမဂ္ဂရဲ့ စိစစ်မှုအားနည်းခြင်းလား၊ ဒါမှမဟုတ် သိလျက်နဲ့ "မျက်ကွယ်ပြုခြင်း" (Turning a blind eye) လားလို့ မေးခွန်းထုတ်စရာရှိလာပါတယ်။ သူ့ကိုတာဝန်ပေးအပ်မှုဟာ အင်အားကြီးနိုင်ငံအချို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက် မြန်မာနိုင်ငံအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေဖို့နဲ့ ဖိအားပေးကျပ်တည်းစေဖို့ရည်ရွယ်တဲ့ နိုင်ငံရေးကစားကွက်တစ်ခုဖြစ်နေရင် ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာဟာ သမိုင်းမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားမှာကိုလည်း သတိပြုစေလိုပါတယ်။

**ကုလသမဂ္ဂရဲ့ အထူးကိုယ်စားလှယ်တစ်ဦးမှာရှိသင့်တဲ့ အဓိကအရည်အချင်းဖြစ်တဲ့ သံတမန်ရေးရာကျွမ်းကျင်မှုအပြင် "ကိုယ်ကျင့်တရားနဲ့ စာနာနားလည်မှု" သာဖြစ်သင့်ပါတယ်။**

**ကိုယ်တိုင်က အနိုင်ကျင့်မှုတွေပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခံထားရသူတစ်ဦးဟာ တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ပြည်သူတွေအတွက် တရားမျှတမှုကို ဘယ်လိုရှာဖွေပေးနိုင်မှာလဲဆိုတဲ့မေးခွန်းကို မြန်မာပြည်သူတွေရဲ့တရားမျှတမှုအတွက် မေးမြန်းလိုပါတယ်။**

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံက ကုလသမဂ္ဂနဲ့ အာဆီယံတို့လို ဒေသတွင်းမိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ဆက်လက်ကတိပြုထားမှုကို ပြည်သူတစ်ဦးအနေနဲ့ ထောက်ခံကြောင်းအလေးအနက်ပြောကြားလိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက မြန်မာ့ဦးဆောင်မှု၊ မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်တွေကတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မဆုတ်မနစ် ဆက်လက်လျှောက်လှမ်းသွားမှာဖြစ်ကြောင်း အဆွေတော်ကို အခိုင်အမာအသိပေးပြောကြားလိုပါတယ်။ အခုအိတ်ဖွင့်ပေးစာဟာ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူတွေရဲ့ဆန္ဒသဘောထားတွေကို ကိုယ်စားပြုပါကြောင်း ထပ်လောင်းပြောကြားလိုက်ပါတယ်။ ။

## တောင်ကြီးမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲကျင်းပ




တောင်ကြီး ဇွန် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၌ ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် ဇူလိုင်လ (၃)ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ သွေးလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ သွေးလှူရှင်များကို အမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှရောဂါဗေဒ အထူးကုဆရာဝန်ကြီး/ တွဲဖက်ပါမောက္ခ ဒေါက်တာ ဘုန်းမိုးဝင်းနှင့် ဆရာ၊ ဆရာမများက သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်းနှင့် သွေးဖောက်ခြင်းများကို ဆောင်ရွက်ပေးပြီး တောင်ကြီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းအေး၊ တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးလှူရှင်များကို အာဟာရအစားအစာများပံ့ပိုးပေးအပ်ခဲ့သည်။

ဆက်လက်၍ သွေးလှူရှင်များမှ လှူဒါန်းထားသော သွေးအိတ် ၂၅ အိတ်အား တောင်ကြီးခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်းက လက်ခံရယူပြီး တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးသို့ သွေးလှူဒါန်းပေးသည့်အတွက် ဆေးရုံကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြောင်း သိရသည်။ (၄၀၅)

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၁၃၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဇွန် ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၁၇၅၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါချည်မျှင်ရှည်ဝါ စိုက်ပျိုးခြင်းကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၃၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး စက်တင်ဘာလအထိ ဆက်လက်စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါကို လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ သွင်းအားစုများ စနစ်တကျသုံးစွဲကြဖို့ စိုက်ပျိုးရေးအသိပညာပေးတာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ချည်မျှင်ရှည်ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပေးနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် အပိုဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဒေသမရွေး ချည်မျှင်ရှည်ဝါကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးကို အမျိုးသမီးရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။







# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"ပိုမိုတိုးတက်လာသော သံတမန်လမ်းကြောင်းနှင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းတိုးတက်ရေးအနာဂတ်"** ခေါင်းစဉ်ဖြင့် ၁-၇-၂၀၂၆ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၈-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ကြိုတင်ကန့်သတ်ချက်မရှိသော နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖိတ်ခေါ်ခြင်းမှာ EAO တွေရဲ့ ငြိမ်းချမ်းရေးခံယူချက်အစစ်မှန်ကို မြင်တွေ့နိုင်မည်လား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇွန်လ ၂၈ ရက်တွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်နှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသည့်အတွက် မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသအေးချမ်းအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်လိုအပ်ကြောင်း၊ ထို့ပြင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် တီးတိန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးရှိ တီးတိန်မြို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့် 300 KVA ဒီဇယ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုခဲ့ကြောင်းနှင့် တီးတိန်မြို့အား ဓာလွှီးရေအား လျှပ်စစ်စက်ရုံရှိ 200 KW နှစ်လုံးနှင့် 300 KVA ဒီဇယ်ဓာတ်အားပေးစက်ရုံမှ 180 KW တို့ဖြင့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ မြဝတီ

# တိုက်ကြီးမြို့နယ်၊ သနပ်ချောင်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ သနပ်ချောင်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာတို့ရှိဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ YGW ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၌အခြေပြု၍ သာသနာ့နွယ်ဝင် သီလရှင် ၁ ပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၉၉ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၇-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၅ | ၃၇၇၀ | ၃၇၂၀ | ၃၆၃၀ | ၃၇၇၀ | ၃၇၈၅ | ၃၈၂၀ | ၃၇၀၀ | ၄၀၆၅ | ၄၀၉၅ | ၃၇၂၀ | ၃၈၇၅ | ၃၈၁၀ | ၃၇၇၀ | ၃၇၈၀ | ၄၀၁၀ |
| 95 Ron | ၃၆၉၅ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၅ | ၃၈၅၅ | ၃၈၇၀ | ၃၉၀၅ | ၃၇၈၀ | ၄၁၅၀ | ၄၁၈၀ | ၃၈၀၅ | ၃၉၇၀ | ၃၈၉၅ | ၃၈၅၀ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၃၅၃၅ | ၃၆၈၀ | ၃၆၃၅ | ၃၅၅၀ | ၃၆၈၅ | ၃၇၀၀ | ၃၇၃၀ | ၃၆၁၅ | - | ၃၉၉၅ | ၃၆၃၅ | ၄၀၂၀ | ၃၇၂၀ | ၃၆၈၀ | ၃၆၉၅ | ၃၉၁၀ |
| HSD (50 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | ၄၆၄၀ | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၃၅ | ၄၅၈၅ |
| HSD (10 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၉၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | | ၄၆၇၀ | ၄၂၉၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၃၅ | ၄၅၈၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၅၀၀ | ၃၆၀၄ |
| HSD (500 ppm) | ၃၃၅၅ | ၃၄၅၁ |
| HSD (50 ppm) | ၃၉၇၇ | ၄၀၈၇ |
| HSD (10 ppm) | ၃၉၇၇ | ၄၀၈၇ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# AI ခေတ်၏ စိန်ခေါ်မှုနှင့် လူငယ်များအတွက် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် ဇွန် ၃၀

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီနှင့် Naypyitaw State Academy တို့ပူးပေါင်းဆောင်ရွက်ကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy ၌ ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ လူငယ်ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး စကားဝိုင်းဆွေးနွေးမည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လူငယ်များက AI ခေတ်၏ စိန်ခေါ်မှုနှင့် လူငယ်များအတွက် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူငါးဦးက အသိပညာပေးဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများမေးမြန်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **မြဝတီ**

# ပြည်ခရိုင်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ရုံးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး

ပဲခူး ဇွန် ၃၀


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန ပြည်မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှုနှင့် ပြည်ခရိုင်ဦးစီးမှူးရုံးတို့ကို ကြည့်ရှုပြီး ကလေးငယ်များအတွက် ပဲနို့နှင့် မုန့်များ ပေးအပ်သည်။

ထို့နောက် ပြည်မြို့ သရေခေတ္တရာ ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ပေးကာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့သည့် တစ်နှစ်စာ စားစရိတ်ထောက်ပံ့ငွေ၊ အဝတ်အထည်ဖိုးထောက်ပံ့ငွေနှင့် ဂေဟာမှူးလစာ စုစုပေါင်းထောက်ပံ့ငွေကျပ် ၇၄ သိန်းကျော်ကို ဂေဟာအုပ်ချုပ်ရေးမှူးနှင့် ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီထံ ပေးအပ်သည်။


ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကယ်ဆယ်ထောက်ပံ့ပစ္စည်း သိုလှောင်ထားရှိမှုနှင့် ခေတ္တရာမြေမသန်စွမ်းကလေးများ ပြုစုပျိုးထောင်ရေးစင်တာ၌ ကလေးများအား



စီမံခန့်ခွဲမှုဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံးနှင့် သိုလှောင်ရုံ၌ ပြည်ခရိုင်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့်ဘေးအန္တရာယ်ဆိုင်ရာ ပြုစုလေ့ကျင့်ပေးနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**





| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၀ |
| ရှမ်း(မြောက်) | ၂၃ | ၃၅ |
| ရှမ်း(အရှေ့) | ၂၃ | ၃၁ |
| ရှမ်း(တောင်) | ၂၀ | ၃၀ |
| ချင်း | ၁၃ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၈ |
| နေပြည်တော် | ၂၅ | ၃၃ |
| မန္တလေး | ၂၇ | ၃၈ |
| မကွေး | ၂၅ | ၃၆ |
| ရခိုင် | ၂၂ | ၃၀ |
| ပဲခူး | ၂၄ | ၃၃ |
| ရန်ကုန် | ၂၄ | ၃၃ |
| ဧရာဝတီ | ၂၃ | ၃၁ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၄ | ၃၁ |





◆ **ရှေ့ဖုံးမှအဆက်**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီး








နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေထုမငြိမ်မသက်မှုတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇွန် ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အဆောက်အအုံ B-annex ခန်းမ၌ ပြုလုပ်သည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကဏ္ဍဆိုရာတွင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ပွင့်လင်းမြင်သာရေး၊ ပြည်သူကိုကိုယ်စားပြုရေး၊ နိုင်ငံတကာလွှတ်တော်များ၏ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေး၊ ဆက်သွယ်ဆက်ဆံမှုနယ်ပယ် ကြီးမားကျယ်ပြန့်ရေးနှင့် ဒီမိုကရေစီ၏ပြယုဂ်အဖြစ် ခေတ်မီသည့်လွှတ်တော်ဖြစ်အောင် တစ်စချင်း၊ တစ်စချင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို အဓိကပံ့ပိုးကူညီသွားကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာ ဘာသာရပ်စွမ်းရည်၊ ကျင့်ဝတ်သိက္ခာ စသည်များကိုပါ ပိုမိုတိုးတက်ကောင်းမွန်အောင် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်း၏ရည်ရွယ်ချက်မှာ လွှတ်တော်၏ ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ရေးတာဝန်များကို ခေတ်စနစ်နှင့်အညီ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်သောအရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန်ဖြစ်ကြောင်း။

မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံအတွက်အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးသည် ဥပဒေ၏ အကာအကွယ်အောက်တွင် နိစ္စဓူဝ လုပ်ငန်းဆောင်တာများကို စိတ်အေးချမ်းသာစွာဆောင်ရွက်နိုင်ရန်နှင့် ဥပဒေနှင့်အညီ ဖြစ်စေရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို ကနဦးအဆင့် သင်တန်းသား ၈၈ ဦးဖြင့် သုံးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်များအနေဖြင့်လည်း ဥပဒေကြမ်းရေးဆွဲခြင်းရေးထုံးရေးနည်းများ၊ ဥပဒေဆိုင်ရာအတွေးအခေါ်များနှင့် သိမှတ်ဖွယ်ရာများကို မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍများပါ ပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Case Study အဖြစ် ဥပဒေသုံးခုကိုလည်း လက်တွေ့ဆန်းစစ်လေ့လာနိုင်ရန် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုသင်တန်းသည် ဥပဒေသင်တန်းဖြစ်၍ ဥပဒေကြမ်းကော်မတီ တစ်ခုတည်းနှင့်သာ သီးခြားသက်ဆိုင်ခြင်းမဟုတ်ဘဲ လွှတ်တော်၏ ကော်မတီအသီးသီးတွင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ပါဝင်နေသောကြောင့် အားလုံးနှင့်သက်ဆိုင်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့အားလုံး၏ အရည်အသွေးတိုးမြှင့်ရေးကို လေ့ကျင့်ရေးနှင့် တည်ဆောက်ရမည်သာဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ၏စွမ်းရည်ကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုပြည့်စုံကောင်းမွန်လာအောင် သင်တန်းများက များစွာအထောက်အကူပြုမည်ဟုလည်း ယုံကြည်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သင်တန်းပြီးဆုံးချိန်တွင် သင်တန်းအပေါ် တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို နောင်သင်တန်းများတွင် အားနည်းချက်၊ လိုအပ်ချက်မရှိစေရေးအတွက် ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ဥပဒေပညာရှင်ဒေါ်သန်းသန်းရီက မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၄/၂၀၁၉ နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ၁/၂၀၁၉ ဥပဒေရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချရာ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

မြဝတီ

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၃၀

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်၊ သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ကိုယ်စားကွပ်ကဲမှုဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် ဇွန်လ ၂၆ ရက်မှယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



➢ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆို ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❒ **ရင်ချင်းဆက်မှ**

အဆိုပါ ကလေးငယ်များသည် ပခုက္ကူမြို့နေ အသက် ၃၁ နှစ်အရွယ် မိခင်မှ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် လာရောက်ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်ပံ့ပိုးမှုဖြင့် မွေးဖွားပြီးချိန်မှစ၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၊ ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး(မန္တလေး)၊ ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး-ရန်ကုန်(ရန်ကင်း)တို့၌ ထားရှိပြီး ပြုစုစောင့်ရှောက်ပေးခဲ့ကာ ၂၀၂၆ ခုနှစ် ဇန်နဝါရီတွင် ခွဲစိတ်ကုသမှုဆောင်ရွက်မည့် ကလေးဆေးရုံကြီး(ရန်ကုန်)၌ပြောင်းရွှေ့၍ လိုအပ်သည်များပြင်ဆင်ခဲ့ပြီး ဇွန်လ ၁၁ ရက် အသက် ၂ နှစ် ၅ လရှိချိန်တွင် ကလေးဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများဖြင့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးဆေးရုံကြီး(ရန်ကုန်)တွင် ယခုခွဲစိတ်ကုသမှုအပါအဝင် ရင်ချင်းဆက်အမြွှာခွဲစိတ်ကုသမှုကိုးကြိမ်၊ ကလေးဆေးရုံကြီး(မန္တလေး)တွင်သုံးကြိမ်ကို ပြည်တွင်းမှ ဆေးပညာရှင်များဖြင့် ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီများဖက်ဒရေးရှင်း (IFRC) ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း(IFRC)အဖွဲ့၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန္ဒားဂျိမ်းစ်မက်သူးအား ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IFRC အဖွဲ့မှ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့်ကိစ္စရပ်များတွင် ပံ့ပိုးပေးလျက်ရှိသည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းများအတွက် သင်တန်းများပို့ချရာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ငလျင်ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပြည်သူလူထုအား အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချရန်စီစဉ်လျက်ရှိသည့်ကိစ္စရပ်များ၊ စက်တင်ဘာလအတွင်း ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှကြက်ခြေနီလခြမ်းနီအသင်းခေါင်းဆောင်များအစည်းအဝေးအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပရေးကိစ္စရပ်များအစရှိသည်တို့ကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့်ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ



# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများအကြား ရေနံနည်းစနစ်ကျတွင်းတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုး




နေပြည်တော် ဇွန် ၃၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များပူးပေါင်း၍ နည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်ရန် လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ် (Operating Agreement) လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခင်ကခွင့်ပြုပေးထားသည့် ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ပြီး လက်ရှိတွင် နိုင်ငံတော်ပိုင်ရေနံသယံဇာတများအားလေလွင့်ဆုံးရှုံးမှုနည်းပါးစွာ ရေရှည်အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်စေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ ပြည်တွင်းရေနံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးတို့အပြင် ပြည်တွင်းလုပ်ငန်းရှင်များ၏ ကိုယ်ပိုင်ငွေကြေးအရင်းအနှီးများအား ကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေရန် ရည်ရွယ်၍ ရေနံနည်းစနစ်ကျတွင်း (Standard Well) များ တူးဖော်ထုတ်လုပ်နိုင်ရန်အတွက် တင်ပြလာသည့်ကုမ္ပဏီများကို စနစ်တကျစိစစ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်များ ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာမည့် ရေနံစိမ်းများကို စနစ်တကျ သန့်စင်ပြီး နိုင်ငံပိုင်ရေနံချက်စက်ရုံများသို့ ပို့ဆောင်ချက်လုပ်သွားမည်ဖြစ်ရာ နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ စာချုပ်ချုပ်ဆိုသည့် ကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိစေမည့် ရေနံနည်းစနစ်ကျ တွင်း (Standard Well) များကို စနစ်တကျ တူးဖော်ထုတ်ကြရန်လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မိမိတို့လုပ်ကိုင်ဆောင်ရွက်မည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်အောင် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ယခုလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီများအနေဖြင့် နည်းစနစ်ကျတွင်းတူးဖော်ခြင်းလုပ်ငန်းများမှတစ်ဆင့် နိုင်ငံတကာနှင့်ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့် ရေနံလုပ်ငန်းရှင်များအဖြစ် တိုးတက်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြီး လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ်ကို လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများနှင့် လက်မှတ်ရေးထိုးကာ စာချုပ်များ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အခြေခံပညာအထက်တန်းကျောင်း(မိုးစွေ)၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေးမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ နေပြည်တော်ကောင်စီလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရဲမိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (မိုးစွေ)သို့ သွားရောက်၍ ဥတ္တရသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ် ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများကို လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို သွေးအမျိုးအစား စစ်ဆေးဆောင်ရွက်ပေးနေမှုနှင့် မြို့နယ်အဆင့်ငါးဦး ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာ စိစစ်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားကတ်ပြားထုတ်ပေးရေး လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်ပြားနှင့် UID တို့ကို ကာယကံရှင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများအတွက်စားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးအပ်၍ ကျောင်းသား၊ ကျောင်းသူများအား အာဟာရမုန့်များဝေငှပေးခဲ့ကြောင်းသိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°c | / | ၃၃°c |
| ရန်ကုန် | ၂၄°c | / | ၃၃°c |
| မန္တလေး | ၂၇°c | / | ၃၈°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအားမသက်ဆိုင်သူထံသို့အကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## President of the Republic of the Union of Myanmar H.E. U Min Aung Hlaing and spouse Daw Kyu Kyu Hla to make State Visit to Lao People's Democratic Republic

At the invitation of President of the Lao People's Democratic Republic His Excellency Mr. Thongloun SISOULITH, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing and spouse Daw Kyu Kyu Hla will pay a State Visit to the Lao People's Democratic Republic in the near future.

During the visit, the President of Myanmar will meet and hold bilateral talks with the President of Lao PDR, and meet with the Prime Minister of Lao PDR and the President of National Assembly of Lao PDR. Additionally, the President of Myanmar will receive provincial leader. Furthermore, the itinerary includes visits to prominent sites and ancient pagodas. During the visit, the President will engage in cordial and open exchange of views to the further consolidation of the existing friendly relations and implementation of mutually beneficial cooperation in economic, cultural, and other areas between the two governments and peoples.

The President and spouse will be accompanied by Union Ministers and officials during the visit.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: 30 June 2026**





▸▸**From Page - 19**

truth and prolong the conflict. Instead of resolving the conflict, she is using "diplomatic flowery language" (Diplomatic doublespeak) to conceal the truth and avoid 'fanning the flames' that would only worsen the conflict. I also urge you to be careful not to ignore the justice for the people of Myanmar, prioritising international economic gains and personal fame over humanitarianism.

Why would a major global organisation like the United Nations select someone with such evidence of ethical misconduct? It raises the question: was it a failure of due diligence on the UN's part, or was it a deliberate turning of a blind eye? If her appointment is a political ploy by certain powerful nations to burden and pressure Myanmar for their own vested interests, then the UN's credibility is I would also like to caution against it reaching an all-time low in history.

**The key qualities a UN Special Envoy should possess are diplomatic expertise, along with 'ethics and empathy'.**

**How can justice be delivered for the people who desire peace and stability, when the very person accused of perpetrating the abuses is the one being investigated? This is the question I wish to ask regarding justice for the people of Myanmar.**

In conclusion, I would like to state, as a citizen, my strong support for Myanmar's continued commitment to working in partnership with regional partners such as the United Nations and ASEAN. Furthermore, Myanmar's commitment to its own leadership, I would like to assure you that Myanmar will steadfastly pursue domestic peace, stability and development through Myanmar Own, Myanmar Led processes. I would like to add that this open letter represents the sentiments of the people who desire peace and stability.

**Min Khant**

## Farmers reap more than 1,000 acres of sunflower in Dabayin Township

DABAYIN June 30

According to YeU District Agriculture Department, local farmers harvested more than 1,000 acres of sunflower in Dabayin Township of Sagaing Region.

In Dabayin Township, a total of 8,299 acres of sunflower were cultivated during the winter cropping season. Harvesting of the sunflower fields began in January this year, and 1,637 acres have been harvested to date, with an average yield of 25.48 baskets per acre.

"During the winter cropping season in Dabayin Township, 8,299 acres of sunflower were cultivated. At present, the cultivated sunflower fields are being harvested. As of today, more than 1,000 acres have already been harvested. In order to reduce the import of palm oil from abroad, efforts have been made to expand the cultivation of sunflower as an oilseed crop. Sunflower, as an oilseed crop, produces more oil per acre than groundnut and sesame," said U Zaw Myint Tun, Head of the Department of Agriculture in YeU District.

To promote the expansion of sunflower cultivation in Dabayin Township, the Township Department of Agriculture has intensified awareness training programs and conducted training courses to enhance the capacity of both staff and farmers who plan to cultivate sunflower.

Arrangements have also been made to provide sunflower seeds to farmers, to sell urea fertilizers at affordable prices, and to distribute the harvested sunflower seeds through farmer-to-farmer exchange systems.

**SMK**

## Merchants supply many bags of Kyapyan rice to Yangon market

NYAUNGDON June 30

"Local merchants from Nyaungdon Township of Ayeyawady Region sold a large number of bags for Kyapyan rice to Yangon market," said Daw San San Win, the owner of rice and paddy trading depot in Nyaungdon Township.

In Nyaungdon Township, 55,000 bags (24 pyi per bag) of Kyapyan rice were exported to the Yangon market within the month.

"During the past month, we exported up to 55,000 bags of Kyapyan rice to the Yangon market. From Nyaungdon, paddy, rice, and other agricultural products are mainly shipped to Yangon. Kyapyan rice is a variety classified under fine rice. There have been many purchase inquiries from the Yangon market for Kyapyan rice this month as well," said Daw San San Win.

Over the past month, Kyapyan rice exported from Nyaungdon Township to the Yangon market fetched up to Ks-112,000 per 24-pyi bag. As trading in paddy and rice has improved, farmers, traders, cargo handlers, and truck rental operators have reportedly gained more job opportunities.

**SMK**

# An Open Letter to the United Nations Secretary-General (1)

**Dear Secretary-General of the United Nations,**

As a citizen of a sovereign State, I am writing and sending this open letter to you. I am writing this letter as a private citizen who cannot bear to see my country being unjustly oppressed. I therefore apologise in advance if the language used is not diplomatic, as it may contain personal sentiments.

The matter I wish to bring to your attention concerns the narrative of the UN Secretary-General's Special Envoy for Myanmar, Ms Julie Bishop, whom you appointed on behalf of our country. Ms Julie Bishop has made one-sided and negative statements about Myanmar, and we will be responding to them.

Since Ms Julie Bishop took up her appointment as the Special Envoy to Myanmar, she has consistently maintained an unfair attitude towards the successive governments of Myanmar and its people and has consistently been heard echoing the calls of anti-government groups to prevent peace and stability in Myanmar. In particular, the brief made by Ms Julie Bishop at the informal meeting of the United Nations General Assembly's, held in New York on 19th June 2026, were entirely detached from the realities of Myanmar's current situation and focused solely on negative portrayals. It is regrettable to hear that she focused exclusively on negative portrayals, divorced from the actual realities of progress. The majority of the Myanmar public hold her actions in low regard because her statements are inaccurate.

Indeed, the position of the UN Special Envoy is a diplomatic one, and the political differences that are emerging in Myanmar, impartiality between relevant stakeholders for security conflicts and socio-economic development, I understand and believe that a neutral and diplomatic approach must be taken to facilitate a negotiated solution between the relevant stakeholders.

We ordinary people can see that the current Myanmar government, in line with Ms Julie Bishop's duties, is always welcoming and collaborating on constructive and transparent communication.

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)ရှိ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်များရှိ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများသည် ပြည်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူလျက်ရှိသည့်အတွက် သာယာဝတီခရိုင်မြို့၌ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်တစ်ခု ချထားဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်လိုအပ်သောအချိန်တွင် ဖွင့်လှစ်နိုင်ရေးအတွက် သာယာဝတီခရိုင်မှ အဆင့်မြင့်ပညာဆည်းပူးသူကျောင်းသား၊ ကျောင်းသူများစွာ ပေါ်ထွက်လာရေးကို မိဘပြည်သူများက တိုက်တွန်းပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ သာယာဝတီခရိုင်မှပြည်တက္ကသိုလ်တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူတစ်ဦးတိုင်း တစ်ယောက်တိုင်းအတွက်အစိုးရအိပ်ဆောင် Hostel ချထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ဆရာအတတ်သင် သိပ္ပံ/ ပညာရေးကောလိပ်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ မြောင်းမြပညာရေးဒီဂရီကောလိပ်နှင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်တို့ကို ဖွင့်လှစ်ထားပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သည် ၆၉ မိုင်ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် ၂ နာရီခွဲခန့် ခရီးအတွင်းတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများက ပြည်ပညာရေးဒီဂရီကောလိပ်သို့ တက်ရောက်ခွင့်လျှောက်ထားပါက တက်ရောက်ခွင့်ပြုလျက်ရှိပါကြောင်း၊ ပြည်ပညာရေးဒီဂရီကောလိပ်နှင့် ပုသိမ်ပညာရေးဒီဂရီကောလိပ်၏ စာသင်ဆောင်နှင့်အိပ်ဆောင်ဝင်ဆံ့အင်အားအရ လက်ရှိအခြေအနေတွင် Full Capacity ပြည့်မီစေရန် ကျောင်းသားအင်အား ထပ်မံလက်ခံသင်ကြားပေးနိုင်သော အနေအထားတွင် ရှိနေသည့်အတွက် မြန်အောင်မြို့တွင် ဆရာအတတ်သင်သိပ္ပံ/ပညာရေးကောလိပ်ဖွင့်လှစ်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် မြန်အောင်ခရိုင်မှ ဆရာအတတ်ပညာဆည်းပူးလိုသော ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့် နောင်ဖြစ်ပေါ်လာမည့် ခန့်မှန်းကျောင်းသားဦးရေ (Projection) များပြားလာပြီး ပညာရေးဒီဂရီကောလိပ်အသစ်တစ်ခု တည်ထောင်ရန်လိုအပ်လာချိန်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇူလိုင်လ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၀ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၃၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၀ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Nguyen Xuan Loc နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၀ ဦး



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၀၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေးထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၆၀ တန်ဖိုးရှိ ကက်တမင်းများဖမ်းဆီးရမိ



တရားခံ အိုက်ရှန်းအား ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဇွန် ၃၀

မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၆၀ တန်ဖိုးရှိ ကက်တမင်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၇ ရက် ညနေ ၅ နာရီခွဲတွင်သတင်းအရ မိုင်းဆတ်မြို့နယ်၊ မိုင်းထလမ်းကျေးရွာအုပ်စု၊ မိုင်းကန်းကျေးရွာအနီး မိုင်းတွမ်း-တာချီလိတ်သွားကားလမ်းတွင် မိုင်းဆတ်မြို့နယ်၊ မိုင်းထလမ်းကျေးရွာနေ အိုက်ရှန်း ၄၃ နှစ် မောင်းနှင်လာသော TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ပြား (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၈၀) ဖမ်းဆီးရမိသဖြင့် အိုက်ရှန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဇွန်လ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ တာချီလိတ်မြို့၊ တာလေ့ရပ်ကွက်အနီးတွင် လမ်းလျှောက်လာသူ ထိုင်းနိုင်ငံ၊ နတ်ခွန်းစဝမ်မြို့၊ ပါက်နမ့်ဖိုရပ်ကွက်နေ Mr. Chairat Visitsri (ချိုင်းလက် ဝစ်စစ်စီ) ၂၈ နှစ်အား စစ်ဆေးရှာဖွေရာ ကက်တမင်း ၈ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၁၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၉၆၀) ဖမ်းဆီးရမိသဖြင့် Mr. Chairat Visitsri အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

# ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်မည်ဖြစ်သည့်အတွက် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဇွန် ၃၀

မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲဓာတ်အားပေး စက်ရုံစီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပို့မိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန် တို့အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုက်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်းကြိုးဖြင့် ဓာတ်အားပိတ်၍ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် မေလ ၂၂ ရက်မှ ဇွန်လ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ရပ်လုံး၏ ၅၄ ဒသမ ၇၂ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးခဲ့သည်။

တိုင်အမှတ် (၁၁၄) နှင့် (၁၁၅) ကြားနှင့် တိုင်အမှတ် (၁၁၈) နှင့် (၁၁၉) ကြားတို့တွင် ဓာတ်အားလိုင်းကြိုးအစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး-သစ်ရာကောက်ဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်မှ ၅ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ည ၆ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့နှင့် သစ်ရာကောက်မြို့များအတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရေိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမည်မှန်

သရက်ချောင်းမြို့နယ်၊ အ.မ.က (မူလွန်-သင်းကျွန်း)မှ Grade-4 အောင်မြင်ပြီးသော အဘ ဦးလေးဝင်း ၆/သရခ(နိုင်)၁၄၈၀၄၄ ၏သမီးဖြစ်သူ အမည်မှန်မှာ မခြူးခခစံဖြစ်ပါကြောင်း။

**မခြူးခခစံ**

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ သံလွင်ကွင်းလမ်းနေ မသင်းဖြူဖြူအောင်(ဘ)ဦးအောင်သောင်း ၁၄/ဇလန(နိုင်)၁၁၅၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 512144)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၇၅၀၆၂

## ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ မြို့ကြီးလမ်းနေ မတင်မျိုးဝင်း(ဘ)ဦးတင်ရွှေ ၇/တငန(နိုင်)၁၉၁၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

တောင်ငူမြို့နယ်၊ ဘိုကတော်အုပ်စု၊ အင်ဒိုင်းရွာနေ စန္ဒာဝင်း(ဘ)ဦးစိုးညွန့် ၇/တငန(နိုင်)၂၀၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ ဒါးကျန်းရွာနေ ဆုသိမ့်ဝေ(ဘ)ဦးဝင်းနိုင် ၉/မခန(နိုင်)၂၅၉၈၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 619110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မြဂဲကျေးရွာအုပ်စု၊ ကျောက်တိုင်ကျေးရွာ၊ ရွာလမ်းမကြီးနေ ချစ်ဆွေ(ဘ)ဦးဆန်းကြီး ၁၂/ထတပ(နိုင်)၁၁၁၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၆၃၂၅၃၉

## အမည်မှန်

လားရှိုးမြို့၊ အ.ထ.က(၁) Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးအိုက်နပ်၏သမီး မစွမ်းစွမ်း၏ အမည်မှန်မှာ မွေးစာရင်းနှင့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအရ မယော့နန်းနပ်ဖြစ်ပါကြောင်း။

**မယော့နန်းနပ်**

## မိခင်အမည်မှန်

ဘီးလင်းမြို့၊ မူလတန်းလွန်(ရွှေလောင်းအင်း)ကျောင်း၊ Grade-7 မှ စောသိုးမား၏ မိခင်အမည်မှန်မှာ နော်ထီးခလီ ၁၀/ဘလန(နိုင်)၁၀၁၂၀ ဖြစ်ပါကြောင်း။

**နော်ထီးခလီ**

## ဖခင်အမည်မှန်

ဒက္ခိဏသီရိမြို့နယ်၊ အ.လ.က(ခွဲ) ရွှေအင်ကြင်း၊ Grade-3 မှ မောင်အေးချမ်းမောင်၏ဖခင်အမည်မှန်မှာ ဦးအောင်မင်းဦး ၉/ဒခသ(နိုင်)၀၀၈၃၂၀ ဖြစ်ပါကြောင်း။

**ဦးအောင်မင်းဦး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အ.လ.က(မြို့မ) ကျောင်း ကျောင်းဝင်အမှတ်၁၀၂၀ Grade-7 မှ မောင်ဟိန်းဝင့်ဖြိုး၏ဖခင် ဦးမင်းမင်းစိုး၏ အမည်မှန်မှာ ဦးမင်းစိုး ၈/တတက(နိုင်) ၁၄၆၇၀၉ ဖြစ်ပါကြောင်း။ **ဦးမင်းစိုး**

## အကောက်ခွန်ဦးစီးဌာန လေလံပွဲကျင်းပမည့်နေ့ရက်အား ရွှေ့ဆိုင်းကြောင်း အသိပေးကြေညာခြင်း

အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ရန်ကုန်မြို့၌ ၁-၇-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်မည့်လေလံပွဲအား နေ့ရက်ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်အား ထပ်မံကြိုတင်၍ အသိပေးကြေညာပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်မှကျခံ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းမီးဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများအား ယှဉ်တွဲပါတင်ဒါအမှတ်များအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း |
|---|---|---|
| ၁ | 1(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၇)မျိုး |
| ၂ | 2(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၃)မျိုး |
| ၃ | 3(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၅)မျိုး |
| ၄ | 4(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၁)မျိုး |
| ၅ | 5(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၁)မျိုး |
| ၆ | 6(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၁)မျိုး |
| ၇ | 7(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၁)မျိုး |
| ၈ | 8(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၁)မျိုး |
| ၉ | 9(T)/YESC/တိုင်းဒေသကြီး/26-27 | လမ်းမီးပစ္စည်း(၂၃)မျိုး |

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၃၀-၆-၂၀၂၆) နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၄-၇-၂၀၂၆)နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

## YLK GUARDIAN AND SECURITY COMPANY LIMITED
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇွန်လ(၃၀)ရက်၊ ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် YLK GUARDIAN AND SECURITY COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဌေးဌေးမာ (B.Com,CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178) (လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အား ခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ဌေးဌေးမာထံသို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Wint Shwe Yi Tun | Daw Htay Htay Mar |
| Director | Insolvency Practitioner |
| YLK GUARDIAN AND SECURITY | (B.Com, CPA) |
| COMPANY LIMITED | 25-B, 5th Floor, Zalun Street, Sanchaung |
| | Township, Yangon. |

## "ရွှေဆူရက်မြန်မာကုမ္ပဏီလီမိတက်" (SHWE SURAT MYANMAR COMPANY LIMITED)၏ (အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

၂၀၂၆ ခုနှစ်၊ ဇွန်လ(၃၀)ရက်၊ ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှယ်ယာရှင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊ ဒေါ်ခင်သန်းဦးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်တို့ကို ဆုံးဖြတ်ချက်များချမှတ်ခဲ့ပါသည်။

"ရွှေဆူရက်မြန်မာကုမ္ပဏီလီမိတက်(SHWE SURAT MYANMAR COMPANY LIMITED)"၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ခင်သန်းဦးထံသို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၃၀)ရက်နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသော ကြွေးမြီများအား သတ်မှတ်ပုံစံဖြင့် ခိုင်လုံသောသက်သေခံအထောက်အထားများနှင့်အတူ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ခင်သန်းဦး** | **ဦးစည်သူလှိုင်** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **မန်နေးဂျင်းဒါရိုက်တာ** |
| **(၅/ဘီ)၊ နှင်းဆီကွန်ဒို၊ အမှတ်(၁၈၂/၁၉၄)၊** | **ရွှေဆူရက်မြန်မာကုမ္ပဏီလီမိတက်** |
| **ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊** | **(SHWE SURAT MYANMAR** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၇၁၀၁** | **COMPANY LIMITED)** |

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(ခွဲ)ချောက်ကြား Grade-5 မှမောင်နန္ဒကိုကို နှင့် Grade-2 မှ မောင်ရဲရင့်ကိုကိုတို့၏ဖခင်အမည်မှန်မှာ ဦးဇေယျာထင်အောင် ၇/ညလပ(နိုင်)၁၀၁၉၁၄ ဖြစ်ပါကြောင်း။ **ဦးဇေယျာထင်အောင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တာသုခ အ.ထ.က Grade-8 တွင် ပညာသင်ကြားနေသော မယမင်းအောင်၏ဖခင် ဦးမောင်ဦး၏ အမည်မှန်မှာ ၈/ရစက(နိုင်)၂၀၃၉၃၄ ဦးကိုဦး ဖြစ်ပါကြောင်း။ **ဦးကိုဦး**

## ပျောက်ဆုံးကြောင်း

ပုလဲမဉ္ဇူမိုး(ဘ)ဦးမိုးမြင့်အောင် ၁၄/ဒဒရ(နိုင်)၂၃၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 395340)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၅၇၈၉၇၄

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board
## လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ်၊ ၃/၂၀၂၆
### ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

၁။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၁၆)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၃၀-၇-၂၀၂၆ ရက်နေ့နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည် -

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (က) | **ပို့ဆောင်ရေးဝန်ကြီးဌာန** | | |
| | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | နည်းပြအရာရှိ (ရေကြောင်းအင်ဂျင်နီယာပညာဌာန/ ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာန/ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုပညာဌာန) | ၆ နေရာ |
| (ခ) | **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်ထောက်မန်နေဂျာ | ၃၀ နေရာ |
| | (၂) ပင်စင်ဦးစီးဌာန | ဦးစီးအရာရှိ | ၅ နေရာ |
| | (၃) ငွေတိုက်ဦးစီးဌာန | ဦးစီးအရာရှိ | ၅ နေရာ |
| (ဂ) | **ပညာရေးဝန်ကြီးဌာန** | | |
| | မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | စာတည်း(ဘာသာပြန်) | ၂ နေရာ |
| (ဃ) | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** | | |
| | နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | လက်ထောက်ကထိက | ၅ နေရာ |
| (င) | **ပြန်ကြားရေးဝန်ကြီးဌာန** | | |
| | မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဦးစီးအရာရှိ(မီဒီယာ) | ၁ နေရာ |
| (စ) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | | |
| | (၁) မွေးမြူရေးသုတေသနဦးစီးဌာန | လက်ထောက်သုတေသနအရာရှိ | ၄ နေရာ |
| | (၂) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ဦးစီးအရာရှိ | ၅၀ နေရာ |
| | (၃) စီမံကိန်းဦးစီးဌာန | ဦးစီးအရာရှိ | ၉ နေရာ |
| | (၄) ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | ဦးစီးအရာရှိ(မွေး/ကု) | ၄၂ နေရာ |
| | (၅) ရေဆင်းစိုက်ပျိုးတက္ကသိုလ် | လက်ထောက်အင်ဂျင်နီယာ | ၁ နေရာ |
| | (၆) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | လက်ထောက်ကထိက | ၂၀ နေရာ |
| (ဆ) | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** | | |
| | (၁) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနများနှင့်ရက်ကန်းကျောင်းများ | နည်းပြအရာရှိ | ၁ နေရာ |
| | (၂) သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး) | လက်ထောက်ကထိက | ၂ နေရာ |
| (ဇ) | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | | |
| | (၁) သစ်တောဦးစီးဌာန | ဦးစီးအရာရှိ(ငွေစာရင်း) | ၁ နေရာ |
| | (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ |
| | (၃) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | လက်ထောက်မန်နေဂျာ | ၁၁ နေရာ |
| (ဈ) | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | | |
| | (၁) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ(ဘဏ္ဍာ) | ၁ နေရာ |
| | (၂) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန | ဦးစီးအရာရှိ(ငွေစာရင်း) | ၁ နေရာ |
| | (၃) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ဦးစီးအရာရှိ(စီမံ) | ၅ နေရာ |
| | (၄) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | လက်ထောက်မန်နေဂျာ (အမျိုးသား) | ၁ နေရာ |
| (ည) | **စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန** | | |
| | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) | အလုပ်ရုံခွဲမှူး | ၃ နေရာ |
| (ဋ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| | စားသုံးသူရေးရာဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ |
| (ဌ) | **အားကစားရေးရာဝန်ကြီးဌာန** | | |
| | အားကစားနှင့်ကာယပညာဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ | ၄ နေရာ |
| (ဍ) | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | | |
| | အဆောက်အဦဦးစီးဌာန | ဦးစီးအရာရှိ(ဘဏ္ဍာရေး) | ၁ နေရာ |
| (ဎ) | **လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** | | |
| | ပြန်လည်ထူထောင်ရေးဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ |
| (ဏ) | **ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** | | |
| | အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | ၁ နေရာ |
| (တ) | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | ဦးစီးအရာရှိ/လုပ်ငန်းအရာရှိ (ငွေတိုက်) | ၂၅ နေရာ |

၂။ အထက်စာပိုဒ်(၁)ပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၁၆)ခုရှိ လစ်လပ်ရာထူးနေရာများအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ(ဇ)အရ ရာထူးမှထုတ်ပယ်ခံရသူများလျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်း ဖော်ပြထားပါသည်။ ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက ရွေးချယ်မည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၃။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။**

၄။ **လျှောက်ထားသူများအနေဖြင့် မိမိတို့လျှောက်ထားသည့် ရာထူး၊ ဌာနတွင် ရွေးချယ်ခြင်းမခံရဘဲ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အခြားရာထူး၊ ဌာနတွင် ရွေးချယ်ခြင်းခံရပါက သဘောတူ-မတူကို လျှောက်လွှာ၌ ရေးသားဖြည့်သွင်းဖော်ပြရန်ဖြစ်ပါသည်။**

၅။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **Myanmar National Portal**-www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များ မေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏ တယ်လီဖုန်းအမှတ်၊ (၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၄၂၄၄၀၈၉၅၄/ ၀၉-၄၂၀၇၀၆၆၀၅/၀၉-၇၉၇၇၂၇၆၉၆/၀၉-၂၅၄၃၄၇၂၀၉ နှင့် ၀၉-၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊အမှတ်(၁) သုခဝတီရပ်ကွက်နေ မအိအိငြိမ်းကျော်၊ မဝင်းသီရိကျော်တို့၏ဖခင် ဦးကျော်ဝင်းနှင့် ဦးကျော်စိန်ဝင်းမှာ ၈/ရစက(နိုင်)၁၁၈၁၄၄ အရ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်ဝင်း(ခ)ဦးကျော်စိန်ဝင်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သာစည် အ.ထ.က တွင် စတုတ္ထတန်းထိ ပညာသင်ကြားခဲ့သော မဂူးဂူးအောင်၏ဖခင်ဦးအောင်လွင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၁၁၂၄၆ ဦးအေးလွင်ဖြစ်ပါကြောင်း။ **ဦးအေးလွင်**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ပညာစိုးစံကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 ၌ ပညာသင်ကြားနေသော အဘ ဦးရဲမြင့်အောင်၏သား မောင်ဖြိုးမာန်အောင်၏အမည်မှန်မှာ ဖွားစာရင်းအရ မောင်ပိုင်ခန့်ကျော်ဖြစ်ပါကြောင်း။ **မောင်ပိုင်ခန့်ကျော်**

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သာခုချောင်းကျေးရွာအုပ်စု အ.ထ.က ဂုံညင်းတန်းကျောင်း Grade-12 မှ နော်ဆဲနဲမူး၏အမည်မှန်မှာနော်ဆဲနဲမူး (ဘ)စောစေးလဘယ် ၁၄/ဇလန(နိုင်)၀၄၉၃၂၄ ဖြစ်ပါကြောင်း။ **နော်ဆဲနဲမူး**


**အလိမ္မာစာမှာရှိ**

**○ ကျောဖုံးမှအဆက်**

တပ်မတော်စစ်ကြောင်းသည် ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇွန်လ ၂၀ ရက်တွင် ခါမ်းပါတ်မြို့အားလည်းကောင်း၊ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အားလည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့် သတင်းများအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေး – တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးနယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှချီတက်လာသောစစ်ကြောင်းသည်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် ဇွန်လ ၂၉ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာ၏ မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာသို့ရောက်ရှိစဉ် မသင်္ကာဖွယ်အဆောက်အအုံများတွေ့ရှိသဖြင့် စစ်နည်းဗျူဟာမြောက်ချီတက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့








တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကနန်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့မှုကို တွေ့ရစဉ်။









တပ်မတော်စစ်ကြောင်းများက ကျွန်းတောရေရှင်ကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏စခန်းအား သိမ်းပိုက်ရရှိခဲ့မှုကို တွေ့ရစဉ်။

အခြေပြုနေထိုင်သည့်စခန်းအား သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါနေရာအား အသေးစိတ်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားများနေထိုင်သည့် သွပ်မိုးပျဉ်ကာလူနေအိမ် ၁ လုံး၊ ၁၀ ဦးခန့်နေထိုင်သည့် သက်ငယ်မိုးထရံကာ ယာယီတဲ ၄ လုံး၊ စားချက်ဆောင်များ၊ အချုပ်ခန်းများကို သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါ ကလေး-တမူးလမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အကြမ်းဖက်သမားများ စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်သည့် ကနန်ကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိခဲ့ပြီး အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကနန်ကျေးရွာအား ယာယီစိုးမိုးထားစဉ် ဒေသခံပြည်သူလူထု၏ ကိုယ်ကျိုးစီးပွားကို မငဲ့ကွက်ဘဲ ကျေးရွာရှိပြည်သူများ၏နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံများ၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းဘေးဝဲ၊ ယာများတွင်ဘန်ကာများတည်ဆောက်၍လည်းကောင်း၊ ကျေးရွာများအတွင်း၊ ပြည်သူလူထုနေအိမ်ဝင်းများအတွင်းနှင့် လမ်းမများပေါ်တွင်မိုင်းများထောင်ထား၍လည်းကောင်း၊ ခြံဝင်းများအတွင်း ခံစစ်ကျင်းများတူးဖော်၍လည်းကောင်း အခိုင်အမာခံစစ်ဆင်၍ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်စဉ် အန္တရာယ်ကင်းရှင်းစေရေးအတွက် အကြမ်းဖက်သမားများ၏ ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့်မိုင်းများအား ရှင်းလင်းပေးခြင်း၊ အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် လမ်း၊ တံတားများအား ပြန်လည်မွမ်းမံပြုပြင်ပေးခြင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး လိုအပ်သည်များဆောင်ရွက်ပေးခြင်းစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကလေး – တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ အမြန်ဆုံးဖော်ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

တပ်မတော်စစ်ကြောင်းများက ကနန်ရွာရှင်းလင်းစဉ် အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရရှိသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခူး၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။၀၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

---

Quality For You — VEGA — **ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ** — VEGA — Quality For You

အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၇၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

---

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

---

“အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း”







နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၃၀-၆-၂၀၂၆

| | | | | | |
|---|---|---|---|---|---|
| ဖောင်းပြင် | ၄ ဒသမ ၉၂ လက်မ | | ကော့ကရိတ် | ၂ ဒသမ ၇၆ လက်မ |
| မော်လမြိုင် | ၄ ဒသမ ၂၉ လက်မ | | ရေး | ၂ ဒသမ ၅၆ လက်မ |
| ကျောက်ဖြူ | ၄ ဒသမ ၂၁ လက်မ | | မုဒုံ | ၂ ဒသမ ၅၁ လက်မ |
| မာန်အောင် | ၃ ဒသမ ၅၀ လက်မ | | လပွတ္တာ | ၂ ဒသမ ၄၀ လက်မ |
| ချောင်းဆုံ | ၂ ဒသမ ၈၈ လက်မ | | ထားဝယ် | ၂ ဒသမ ၂၈ လက်မ |


# တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ခံစစ်စခန်းတစ်ခုနှင့် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကနန်ကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၃၀

တပ်မတော်အနေဖြင့် နယ်မြေဒေသ အေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့်လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အောက်တွင် ဒေသခံပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့်ဆောင်ရွက်လျက်ရှိရာ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအရေးပါသည့်လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူးလမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကလေး-တမူးလမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဇွန်လ ၇ ရက်နေ့မှစတင်၍ စစ်ကြောင်းများခွဲပြီး ဟန်ချက်ညီညီ ချီတက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှချီတက်လာသော စာမျက်နှာ ၂၇ ကော်လံ ၁ ❍

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး-တမူး လမ်းကြောင်းပေါ်ရှိ ကနန်ကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိမှုနေရာပြမြေပုံ။




နိုင်ငံတကာသတင်း စာ - ၂၂

**ဗီယက်နမ်က ဆိုရှယ်မီဒီယာပေါ်၌ သတင်းအမှားဖြန့်သူများကိုဒဏ်ရိုက်မည်**

**မနီလာမြို့ရှိ အလုပ်သမားများ အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ရရှိမည်**

**ငွေလျှင်လှုပ်ခတ်မှုကြောင့် ဗင်နီဇွဲလားနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ မနိုင်မနင်းဖြစ်နေ**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဟိုမိန်းဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ဆရာမများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၃ ➢

# အဝေးကွင်းတွင် လက်ရှိချန်ပီယံရောဝတီအသင်းကို အနိုင်ကစားပြီး အား/ကာသိပ္ပံအသင်းအဆင့်(၁)သို့တက်လှမ်း

ရန်ကုန် ဇွန် ၃၀

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၃)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယနေ့ညနေပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အဝေးကွင်းလာရောက်ကစားသည့် စာမျက်နှာ ၅ ကော်လံ ၁ ➲



**၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ**

**၃၂ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ**

| | | |
|---|---|---|
| ဂျာမနီ | ၄ - ၅ | ပါရာဂွေး |
| နယ်သာလန် | ၃ - ၄ | မော်ရိုကို |
| အိုင်ဗရီကိုစ့် | ၁ - ၂ | နော်ဝေ |

၂-၇-၂၀၂၆

| | |
|---|---|
| **နံနက် ၂ နာရီ ၃၀ မိနစ်** | ဘယ်လ်ဂျီယံ Vs ဆီနီဂေါ |
| **နံနက် ၆ နာရီ ၃၀ မိနစ်** | အမေရိကန် Vs ဘော့စနီးယား |

# ကလေးဆေးရုံကြီး(ရန်ကုန်)၌ ခွဲစိတ်ခဲ့ပြီးသော ရင်ချင်းဆက်အမြွှာကလေးများ ကျန်းမာရေးကောင်းမွန်လျက်ရှိ

နေပြည်တော် ဇွန် ၃၀

ကလေးဆေးရုံကြီး(ရန်ကုန်)တွင် ခွဲစိတ်ကုသမှု(Separation Surgery) ဆောင်ရွက်ခဲ့သော ရင်ချင်းဆက်အမြွှာမိန်းကလေးများသည် ယနေ့တွင် ခွဲစိတ်ပြီး ရက်ပေါင်း ၁၉ ရက်ရှိပြီဖြစ်ပြီး ကလေးများ ကျန်းမာရေးအခြေအနေကောင်းမွန်ကာ သီးသန့်စီ ပျော်ရွှင်စွာ သွားလာလျက်ရှိကြောင်းသိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၃ ❐



ရင်ချင်းဆက်အမြွှာ မကြာညိုသင်းနှင့်မကြာညိုသိမ့်တို့၏ မခွဲစိတ်မီအခြေအနေ။



ရင်ချင်းဆက်အမြွှာ မကြာညိုသင်းနှင့်မကြာညိုသိမ့်တို့၏ ခွဲစိတ်ပြီးအခြေအနေ။

# မြန်မာယူ-၂၀ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် ယူ-၂၀ အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၃၀

2027 AEC U –20 Asian Cup Development (အုပ်စု K)ပြိုင်ပွဲအကြိုခြေစမ်းပွဲများအဖြစ် မြန်မာ ယူ –၂၀ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် ယူ – ၂၀ အမျိုးသားဘောလုံးအသင်းတို့ ဇူလိုင်လ ၄ ရက်နှင့် ၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအား MRTV–HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ